စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# လူငယ်၊ ပြည်သူနှင့် နိုင်ငံတော်အရေး

မောင်တင်ဦး(မြောင်းမြ)



mgyoe.com

mgyoe.com

စင်စစ် အာဏာလည်း မလိုဘူး။

ကျည်ဆန်လည်း မလိုဘူး။

ယဉ်ကျေးမှု မြင့်မားတဲ့ နိုင်ငံရေး ဖော်ဆောင်နိုင်ဖို့ပဲ လိုတာ။

တစ်နည်းပြောရရင် ဒီမိုကရေစီနိုင်ငံရေးကို ဖော်ဆောင်ကြရမှာ။

ဒါကြောင့် ယဉ်ကျေးမှုမြင့်မားတဲ့ နိုင်ငံရေးဖော်ဆောင်နိုင်ဖို့

ကျွန်တော် စာရေးပါသည်။

# လူငယ်၊ ပြည်သူနှင့် နိုင်ငံတော်အရေး

မောင်တင်ဦး(မြောင်းမြ)



nw0077
2500.00 Ks

mgyoe.com

mgyoe.com

လူငယ်၊ ပြည်သူနှင့်နိုင်ငံတော်အရေး မောင်တင်ဦး(မြောင်းမြ)
စာမျက်နှာ ၂၀၄+ မျက်နှာ၊ ၁၃ စင်တီx ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လူငယ်၊ ပြည်သူနှင့် နိုင်ငံတော်အရေး

မောင်တင်ဦး(မြောင်းမြ)

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏ တတိယမြောက်စာအုပ်အတွက် အမှာစာ | က |
| – | စာရေးသူ၏ ကိုယ်ရေးအကျဉ်း | ဂ |
| ၁။ | ရေကန်တူးမယ် သစ်ပင်စိုက်မယ် | ၁ |
| ၂။ | သမိုင်းဖြစ်နေဆဲ ဖြစ်ခဲ့တဲ့ ရှစ်လေးလုံး | ၈ |
| ၃။ | ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ | ၁၅ |
| ၄။ | ကလေးအတွေး ကလေးစာပေ | ၂၁ |
| ၅။ | လူငယ်၏ ဘ၀အစနှင့် အလှအပ | ၂၇ |
| ၆။ | ယုံကြည်ရာ တစ်ခုအတွက် | ၃၃ |
| ၇။ | မြန်မာနိုင်ငံတော်သီချင်း ကမ္ဘာမြင်ကွင်းမှာ ကြားချင်ပါဘိ | ၄၀ |
| ၈။ | ဒီမိုကရေစီနှင့် အာဏာရှင် | ၄၆ |
| ၉။ | အာဏာရှင်မှာ ခံစားတတ်တဲ့ နှလုံးသား မရှိ | ၅၃ |
| ၁၀။ | အိပ်မက်ကို အကောင်အထည်ဖော်ရအောင် | ၆၀ |
| ၁၁။ | စာရနံ့သင်းတဲ့ ပတ်ဝန်းကျင် | ၆၆ |
| ၁၂။ | မီးဆိုတာ လောင်မြိုက်တတ်တယ် | ၇၃ |
| ၁၃။ | ဗိုလ်ချုပ်၏ ရှင်သန်ဆဲ မော်ဝင်မိန့်ခွန်းများ | ၇၈ |
| ၁၄။ | ခြံနဲ့ မြေလေး ပြန်ရွေးပြီးလျှင် | ၈၅ |
| ၁၅။ | ပညာ၊ ပညာရေးနှင့် လွတ်လပ်ခြင်း | ၉၀ |
| ၁၆။ | ပညာသင်ကြားရေး | ၉၇ |


mgyoe.com

mgyoe.com


၁၇။ ပြည်သူအပေါ် မေတ္တာထား နိုင်ငံအပေါ် သစ္စာထား ၉၉
၁၈။ ဗီရိုထဲမှာ ကြွက် ရှိတယ် ၁၀၅
၁၉။ နယ်စည်းမခြား မေတ္တာစွမ်းအား ၁၁၂
၂၀။ ဓာတ်ပုံတစ်ပုံ၏ ရာဇဝင် ၁၂၁
၂၁။ နိုင်ငံရေး အာဃာတ ၁၂၇
၂၂။ အလင်းပြန်ခြင်း ၁၃၄
၂၃။ လူနေတော့ အိမ် ၁၄၀
၂၄။ အောင်စာရင်း (သို့မဟုတ်) ရှုံးစာရင်း ၁၄၇
၂၅။ ရီယို အိုလံပစ်နှင့် သစ်ပင်ချစ်သူများ ၁၅၁
၂၆။ ခေါင်မိုးက မိုးမလုံတော့ ၁၅၈
၂၇။ ရေရှည်တည်တံ့သော စာကြည့်တိုက်များ ၁၆၃
၂၈။ ကျောင်းသားနှင့် နိုင်ငံရေး ၁၆၉
၂၉။ စကားသစ္စာနှင့် စကားတန်ဆာ ၁၇၅
၃၀။ သစ်ပင်ကို သက်ရှိလို ချစ်ခင်ကြင်နာပါ ၁၇၈
၃၁။ နားလည်မှု လွဲသွားတယ် ၁၈၃
၃၂။ နားလည်မှုသည် ဥပဒေကို ဖျက်ဆီး၏ ၁၈၉
၃၃။ ရွေးကောက်ပွဲကော်မရှင် ဆိုတာ ၁၉၄
၃၄။ ရေ ၁၉၉


mgyoe.com

mgyoe.com

## စာရေးသူ၏ တတိယမြောက်စာအုပ်အတွက် အမှာစာ

ကျွန်တော် အမှာစာရေးဖို့ ရည်ရွယ်ချက် မရှိပါ။ သို့သော် ထုတ်ဝေပြီးသော စာအုပ်များကို ဖတ်ရှုဝေဖန်ပေးသူများအား လေးစားသောအားဖြင့် တုံ့ပြန်ရန် တာဝန်ရှိသည်ဟုယူဆသောကြောင့် ဤအမှာစာကို ရေးသားဖြစ်ပါသည်။ ကျွန်တော့်ကို စာရေးသူအဖြစ်အပြင် စာသင်သူ တစ်ယောက်အဖြစ် သိကြသူအများက ပညာရေးအကြောင်း၊ လူငယ်အကြောင်းကို အထူးရေးသားဖို့ တိုက်တွန်းကြသည်။ ကျွန်တော်လည်း စိတ်ဝင်စားသောအကြောင်းများ ဖြစ်ပါသည်။ သို့သော် သတင်းစာများ၊ ဂျာနယ်များ ဖတ်သောအခါ၊ ရုပ်မြင်သံကြား ကြည့်မိသောအခါ မြန်မာလူမျိုးတို့၏ စိတ်ထားလွဲနေတာ၊ နိုင်ငံအတွက်အားမရစရာ၊ ဒီမိုကရေစီနိုင်ငံနှင့် မလျော်ညီတာတွေ တွေ့မိရင် နိုင်ငံ့အရေးလို့ခေါ်နေတဲ့ နိုင်ငံရေးကို ရေးမိပါတော့သည်။ နိုင်ငံရေးက ကျွန်တော် ကျွမ်းကျင်သော ဘာသာရပ် မဟုတ်ပါ။ မူလက စိတ်စားသော ဘာသာလည်း မဟုတ်ပါ။

သို့သော် သူငယ်ချင်းများ၊ တပည့်များ ရိုးသားကြိုးစားရင်း မှန်မှန်ကန်ကန် နေထိုင်သူများ ညဘက်မှာ အဖမ်းခံရ၊ ထောင်ထဲရောက်သွား၊ စာသင်ခုံမှာ ကွက်လပ်ကလေး ဖြစ်နေ။ လက်ဖက်ရည်ဆိုင်မှာ လူလျော့နေ။ ဒီမြင်ကွင်းတွေက ကျွန်တော့်ရင်ကို နာကျင်စေပါတယ်။

ပြည်တွင်းက ကိုယ့်လူမျိုးအချင်းချင်းကို ကြောက်လို့ နိုင်ငံခြားကို ထွက်ပြေးရာမှ ဒုက္ခ ရောက်နေတာတွေ ကြားရတိုင်း ကျွန်တော့်ကိုယ်ကျွန်တော် ရှက်မိလာတယ်။

နိုင်ငံတစ်ခုမှာ ပညာရေးက အရေးကြီးပေမယ့် နိုင်ငံအုပ်ချုပ်သူတွေ မကောင်းရင်၊ တစ်နည်းပြောရရင်၊ နိုင်ငံရေး မတည်ငြိမ်ရင်၊ နိုင်ငံရေး စနစ်

mgyoe.com

mgyoe.com
မကောင်းရင် တိုင်းပြည် ဘယ်လိုမှ တိုးတက်ကောင်းမွန်လာမှာ မဟုတ်ဘူးလို့ (နောက်ကျမှ) သိလာတယ်။

ယနေ့အထိ နိုင်ငံရေး မကောင်းသေးလို့ အမျိုးသားပညာရေးလည်း ပေါ်ထွက် မလာနိုင်သေးဘူး။ အမျိုးသားပညာရေး ကော်မရှင်ဖွဲ့လိုက်၊ လူငယ်မူဝါဒရေးဆွဲဖို့ ပြင်ဆင်နေတယ် ပြောလိုက်။ ဒီလိုနဲ့ နိုင်ငံရေး ကစားရင်း အချိန်ဆွဲနေကြတယ်။ ငြိမ်းချမ်းရေးညီလာခံ လုပ်ပြနေပေမယ့် သေနတ်သံတွေ မစဲသေးဘူး။ အဖွဲ့အစည်းတိုင်းက ပြောကြတယ်။ ကိုယ့်သေနတ်ထဲက ထွက်တဲ့ကျည်ဆန်က အမှန်တရားအတွက် တရားသောစစ်ပွဲက ထွက်တဲ့ ကျည်ဆန်လို့ ပြောနေကြတယ်။ ဒီလိုဖြစ်နေတာက အာဏာဆိုတာ ကျည်ဆန်က ထွက်တယ်ဆိုတဲ့စကားကို ကိုးကွယ်ယုံကြည်နေကြလို့ပဲ ဖြစ်တယ်။

စင်စစ်အာဏာလည်း မလိုဘူး။ ကျည်ဆန်လည်း မလိုဘူး။ ယဉ်ကျေးမှု မြင့်မားတဲ့နိုင်ငံရေးပဲ လိုတာ။ တစ်နည်းပြောရရင် ဒီမိုကရေစီ နိုင်ငံရေးကို ဖော်ဆောင်ကြရမှာ။

ဒါကြောင့် ယဉ်ကျေးမှုမြင့်မားတဲ့ နိုင်ငံရေးဖော်ဆောင်နိုင်ဖို့ ကျွန်တော် စာရေးပါသည်။ ပညာရေးလည်း ရေးပါမည်။ ချစ်လှစွာသော လူငယ်တွေ အကြောင်းလည်း ရေးပါမည်။ ထို့အတူ နိုင်ငံရေးအကြောင်းလည်း ရေးမိပါသည်။ ကျွန်တော့်မိတ်ဆွေ စာဖတ်သူအပေါင်းလည်း နိုင်ငံရေးပြုပြင်ပြောင်းလဲဖို့ ပါဝင်ဆောင်ရွက်ကြပါလို့ ဆိုပါရစေ။

လူတွေ နိုင်ငံရေး စိတ်မဝင်စားအောင် အခြားလမ်းလွဲတွေနဲ့ ဖြားယောင်းနေတာကို သတိထားကြပါ။ သတင်းတိုင်းဟာ ယုံကြည်လို့ မရဘူး။ လူတွေရဲ့ အားနည်းချက်ကို အသုံးချပြီး ဘာသာရေး၊ လူမျိုးရေးအကြောင်း ပြချက်တွေကို မျက်စိဖွင့်ကြည့်ပါ။ လှည့်စားလို့ရတာဟာ လူညံ့ဖြစ်သွားတာပါ။ စာဖတ်သူတို့ကို လူညံ့ မဖြစ်စေလိုပါ။

ကျွန်တော်တို့နိုင်ငံမှာ ယဉ်ကျေးမှုမြင့်မားတဲ့ လူတော်တွေ ပါဝင်တဲ့ နိုင်ငံရေးတစ်ရပ် အထူးလိုအပ်နေပါကြောင်း။

❑

mgyoe.com

mgyoe.com

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

မောင်တင်ဦး (မြောင်းမြ) ၏ အမည်အရင်းမှာ ဦးတင်ဦး ဖြစ်သည်။ ၁၉၅ဝ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် မြောင်းမြမြို့၌ မွေးဖွားသည်။ ဖခင် ဦးသန်းစိန်၊ မိခင် ဒေါ်တင်ကြည်တို့၏ အကြီးဆုံးသားဖြစ်သည်။ သူငယ်တန်းကို ဆားကန်ဘုန်းတော်ကြီးကျောင်း (ဆယ်သိန်း) တွင် တက်ရောက်ခဲ့ပြီး မူလတန်းကျောင်းသားအဖြစ် အ.လ.က (၃) သဃ်္ဃန်းကျွန်း၊ ပဌမတန်းမှ ဒသမတန်းကို အ.ထ.က (၁) သဃ်္ဃန်းကျွန်းတို့တွင် ပညာသင်ယူခဲ့သည်။ တက္ကသိုလ်ပညာရေးကို လုပ်သားများကောလိပ် (ဗိုလ်တထောင်) တွင် သင်ယူခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် B.Sc (Chemistry) ဘွဲ့ရခဲ့သည်။ တစ်ချိန်တည်း ၁၉၆၉ ခုနှစ်၊ မူလတန်းပြဆရာအဖြစ် အ.မ.က (၁ဝ) သဃ်္ဃန်းကျွန်းမြို့နယ်တွင် အမှုထမ်းခဲ့သည်။

ပညာရေးတက္ကသိုလ်မှ ဖွင့်လှစ်သော ပညာရေးဘွဲ့သင်တန်းကို ရေးဖြေဝင်ရောက်ဖြေဆို၍ Dip.Ed ဘွဲ့ကို ၁၉၈ဝ ခုနှစ်တွင် ရရှိခဲ့သည်။ ထို့နောက် အ.ထ.က (၁) ဗဟန်းတွင် အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မဟာပညာရေး (M.Ed) ဘွဲ့ကို ဆက်လက်အရွေးခံရကာ ၁၉၈၅ ခုနှစ်တွင် M.Ed (ပညာရေးစစ်ဆေးတိုင်းတာမှု အထူးပြု) ဘွဲ့ရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနသို့ ပညာရေးစီမံကိန်းမှူးအဖြစ် တိုးမြှင့်ခံထားရသည်။ ၁၉၉၄ ခုနှစ်တွင် အစ္စရေးနိုင်ငံတွင် ဖွင့်လှစ်သော Early Childrenhood Development သင်တန်းသို့ တက်ရောက်ရန် ပညာတော်သင်အဖြစ် အရွေးခံရ၍ တက်ရောက်

mgyoe.com

mgyoe.com



ပညာသင်ယူခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဆေးပင်စင်ယူခဲ့သည်။ Sakura Internation Education Centre (SIEC) တွင် ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ပါရမီဘော်ဒါဆောင်တည်ထောင်၍ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ပညာတန်ဆောင်စာစောင်တွင် ဆောင်းပါးများ ရေးသားခဲ့ရာမှ စာပေလောကသို့ ဝင်ရောက်လာခဲ့သည်။ နှုတ်ခမ်းကွဲစံကြည်ဝတ္ထုရှည်ကို သပြေမဂ္ဂဇင်းတွင် ဖော်ပြခံရပြီး ၁၉၉၃ ခုနှစ်၏ တစ်နှစ်တာအကောင်းဆုံးဝတ္ထုအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါးပေါင်း ၄၀၀ ကျော် ရေးသားပြီးဖြစ်သည်။

ပရဟိတလူမှုရေးလုပ်ငန်းကို ငယ်စဉ်ကပင် တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ ယခုအခါ စင်ကြယ်လက်များ ပရဟိတလူငယ်များနှင့်အတူ ဆောင်ရွက်နေသည်။ စိတ်အာဟာရစာကြည့်တိုက် (ဆ/ ကရပ်ကွက်) ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည်။

ယခုအခါ စာပေရေးသားရင်း လူငယ်များအင်္ဂလိပ်စာပို့ချရင်း ဒီမိုကရေစီနိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ရင်း သဃ်န်းကျွန်းမြို့နယ်တွင် နေထိုင်လျက်ရှိပါသည်။

❑

mgyoe.com

mgyoe.com

## ရေကန်တူးမယ် သစ်ပင်စိုက်မယ်

မိုးရယ်

မိုးကို လွမ်းတယ်။ မိုးကို မျှော်မိတယ်။ မိုးရယ် ပြန်လာပါတော့။ မိုးနဲ့ မတွေ့ရတာကြာပြီ။ မိုး မရှိရင် ဘဝခြောက်သွေ့လှပါဘိ။

မရက်စက်ပါနဲ့ မိုးရယ်

တကယ်တော့ မိုးအမည်ပါတဲ့ ကောင်မလေးကို လွမ်းလို့ ရေးမိတဲ့စာပါ။ ဒါပေမဲ့ မိုးဆိုတဲ့ ကောင်မလေးထက် အဇာဋ္ဌာကောင်းကင်မှာ ငြိမ်ချက် သားကောင်းနေတဲ့ မိုး (ရေ) က ပိုလို့ ရက်စက်နေလေရဲ့။ ကောင်းကင်က သွန်းဖြိုးရွာကျလာမယ့် မိုးကို မျှော်နေသူတွေအများသား။ တပို့တွဲလကတည်းက နေအပူဒဏ်ကို ကျောကော့ခံနေရတဲ့လူသားတွေ။ သကြြန်ရက်မှာ ပျိုမေတို့ ဦးခေါင်းပေါ် အကြော့သား ပန်ဆင်ခွင့်ရနိုးနဲ့ စောင့်စားနေခဲ့တဲ့ ပိတောက်တွေ၊ ပပ်ကြားအက် အောက်ခြေမြေသား ပေါ်လာတဲ့ ရေကန်တွေ၊ ရေငတ်နေတဲ့ သစ်ပင် ပန်းပင်တွေ၊ ဘုန်းတော်ကြီးပင်းထဲက ရေတွင်းတွေ၊ ...... အားလုံးက မိုးကို မျှော်နေကြတယ်။

"မိုး မိုးရွာလိုက်ပါမိုး၊ အိမ်မိုးခေါင်မြှုးထောင်ရအောင်။ ရွာလိုက်ပါမိုး၊ မိုးမရွာဘဲ ကြာလေပြီ။ လေကြီးမိုးကြီး လာလေပြီ"

ထားဝယ်ဒိန်းသံ ကဗျာတစ်ပုဒ်ဖြစ်တယ်။ လွန်ခဲ့သော နှစ်ငါးဆယ်ကျော်က ကဗျာတစ်ပုဒ်ဖြစ်တယ်။ လူတွေဟာ မိုးကို အချိန်တန်ရင် တမ်းတ

mgyoe.com

mgyoe.com


စမြဲ။ မျှော်ခေါ်စမြဲ ဆိုတာ သိသာစေတယ်။ မိုးဆိုတာ တကယ်တော့ ရေပဲ။ ရေဆိုတာ သက်ရှိလူသားမပေါ်မီကတည်းက ဖြစ်တည်လာတာ။ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးအစမှ အချိုးကျပေါင်းစပ်မှ သက်ရှိ၊ လူသား ဆိုတာ ပေါ်ပေါက်လာရတာ ရေဟာသက်ရှိသတ္တဝါရဲ့သုံးပုံနှစ်ပုံပါဝင် နေရတာ။ ကမ္ဘာကြီးမှာရေက လေးပုံသုံးပုံ၊ မြေကြီးကလေးပုံတစ်ပုံနဲ့ ဖွဲ့စည်းထားတာ။ ဒါတောင် ရေက ရှားနေတယ်။ မိုးက ခေါင်နေတာကို။ မိုးက ရက်စက်တာကို။

မိုးရွာတော့မယ်

ဘာပဲဖြစ်ဖြစ်။ အချိန်တန်ရင်မိုးကတော့ရွာရမှာ။ ဇွန်လမှာ ရွာရွာ။ ဇူလိုင်လမှရွာရွာ။ နောက်ကျပဲရွာရွာ။ မိုးကတော့ သေချာပေါက်ရွာရမှာ။ မိုးရွာရင် ဘာလုပ်ကြမလဲ။ မိုးရွာရင် မိုးရေချိုးမယ်။ မေမေလာရင် နို့စို့မယ်။ ဖေဖေလာရင်အုန်းသီးခွဲစားမယ်။

ဒါက ရိုးရာစကားပုံလား။ သံချပ်လား။ အဆိုလား။ ဆိုရိုးလား။ ဘာအမျိုးအစားမှန်း မသိပေမယ့် ပြောရိုးပြောစဉ်။ ကြားနေကျဆိုနေကျ စာသားစကားတွေပဲ။ ကိုင်ဇာလည်း ဆိုတယ်။ လူကြီးတွေလည်း ဆိုတယ်။ ကလေးတွေလည်း ဆိုတယ်။ ဆိုလို့လည်း ကောင်းတယ်။

ခုတော့ ဒီစကားတွေကို ပြောင်းဆိုရမယ်။ ဆိုနေကျ မဟုတ်ပေမယ့်။ ဆိုကြည့်ရမယ်။ လုပ်နေကျဖြစ်အောင် ကြိုးစားလုပ်ဆောင်ကြရမယ်။ မလုပ်လို့ မဖြစ်တော့ဘူး။

မိုးမရွာမီ ရေကန်တူးမယ်။ ဖေဖေလာရင် သစ်ပင်စိုက်မယ်။ မေမေလာရင် ရေတွင်းသွားလို့ ရေချိုခပ်ကြမယ်။

ရေလှောင်ကန်တူးပါ

စင်ကာပူနိုင်ငံပတ်လည်မှာ ရေငန်တွေ ဝိုင်းနေတယ်။ ကုန်းမြေကလည်း ကျဉ်းမြောင်းတယ်။ ဒါပေမဲ့ လူလုပ်ရေကန် (Reservoir) တွေနဲ့ မိုးရေလှောင်ကြတယ်။ မလေးရှားက ရေ သောက်ရေသုံးရေ ရယူနေရပေမယ့် သူတို့နိုင်ငံ ရေပြတ်တယ်၊ ရေငတ်တယ်ဆိုတာ မရှိဘူး။ လူနည်းလို့လို့

mgyoe.com

mgyoe.com


အကြောင်းမပြနဲ့။ သူ့မြေပမာဏနဲ့ သူ့လူဦးရေအချိုးအဆအရ လူဦးရေများတာပဲ။ ဒါပေမဲ့ ရေမရှားဘူး။

မြန်မာနိုင်ငံမှာ ရေချိုထွက်တဲ့မြစ်တွေ၊ ချောင်းရေ၊ ရေကန်တွေ၊ ရေတွင်းတွေက အများကြီး။ ဒါပေမဲ့ မိုးရွာရင် မိုးရေချိုးရုံပဲတတ်သလား။ မိုးရေထဲ မိုးရေထွက်ချိုးရတဲ့ကလေးဘဝကို သတိရပါတယ်။ နှုတ်ခမ်းတွေပြာသည်အထိ။ ဖေးလေးတိုသည်အထိ။ ပျော်စရာကြီးပဲ။

ကလေးတွေမိုးရွာရင် မိုးရေချိုးတာကို မတားပါနဲ့။ ဒါပေမဲ့ လူကြီးတွေကတော့ မိုးရွာတာကို အသုံးချရမယ်။ သင့်တော်တဲ့မြေကွက်လပ်မှာ တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီး မိုးမကျမီ ရေကန်တွေ တူးရမယ်။ မြေသားရေကန်။ အုတ်ဘောင်ရေကန်၊ အင်္ဂတေရေကန်စသည်ဖြင့် ရနိုင်သရွေ့ ရေကန်တွေ တူးကြရမယ်။ တူးပြီးတဲ့ရေကန် သန့်ရှင်းအောင် ထိန်းသိမ်းရမယ်။ အမှိုက်မပစ်ရဘူး။ တိရစ္ဆာန်တွေရေကန်ထဲ မဆင်းအောင် ခြံခတ်ရမယ်။ ရေကန်ကိုတူးပြီး ပစ်မထားပါနဲ့။ လိုမှဂရုစိုက်။ မလိုရင် ဂရုမစိုက် မလုပ်လိုက်နဲ့။

ငယ်စဉ်က မူလတန်းမှာ ဟသ်ာကိုးသောင်းဖျက်တဲ့ ဇာတ်ကို သင်ကြားရဖူးတယ်။ ဟသ်ာတို့ဟာ ပြင်းထန်တဲ့ မိုးဒဏ်ကိုရှောင်ရှားဖို့ သဘာဝဂူကြီးတစ်ခုထဲမှာ မိုးခိုကြတယ်။ ယေဘုယျအားဖြင့် မိုးကာလလေးလစာ အတွက် စားနပ်ရိက္ခာတွေကို ဂူထဲမှာကြိုတင်စုဆောင်း သိုမှီးထားခဲ့တယ်။ တစ်ခုသော နှစ်တစ်နှစ်မှာ စားနပ်ရိက္ခာကုန်လုနီးပါးဖြစ်လာသော်လည်း မိုးရာသီကကုန်ဟန် မပြသေးဘူး။ ဒီလိုနဲ့စားနပ်ရိက္ခာကို ခြိုးခြံ စားသောက်ကာ မိုးရာသီကုန်ဆုံးမယ့်ရက်ကို စောင့်နေကြတယ်။ ဒါပေမဲ့ မိုးက မကုန်သေးဘူး။ ရွာလို့ ကောင်းတုန်းပဲ။

ဒီအချိန်မှာ ဂူဝက ပင့်ကူကြီးက ပင့်ကူမျှင်တွေ ရက်ထားတာ လေးထပ်ရှိပြီ။ တစ်လတစ်ထပ်ရက် ရှယ်လာတာလေ။ ခုတော့လေးလဆိုတော့ လေးထပ်ရှိပြီ။ နောက်ထပ်တစ်လဆက်နေရင် ပင့်ကူမျှင် ကွန်ရက် ထောင်ချောက်က ငါးထပ်ရှိလာမှာ။ ပင့်ကူမျှင်တွေကလည်း ဧရာမပင့်ကူရဲ့ အမျှင်ဖြစ်တာကြောင့် ပင့်ကူမျှင်တစ်ချောင်းဖြတ်ဖို့က ဟသ်ာပျိုတစ်ကောင်အတွက် အလွန်ပင်ပင်ပန်းခက်ခဲတာ။

mgyoe.com

mgyoe.com


ဆိုတော့ စားနပ်ရိက္ခာကလည်းကုန်ပြီ။ ဟသ်ာတွေကလည်း ဝေါ်ပြတ်လာလို့ အားအင်ချည့်နဲ့နေပြီ။ ပင့်ကူမျှင်ကိုလည်း ဖြတ်ပစ်ရမယ့် အချိန်ကျော်လာပြီ။ နောက်ဆုံး ဟသ်ာတွေ အစည်းအဝေးထိုင်ကြတယ်။ အစည်းအဝေးဆုံးဖြတ်ချက်က ဟသ်ာအဘိုးကြီး အဘွားကြီးတွေကို ဟသ်ာပျိုတို့က သတ်စားကြ။ အားရှိမှပင့်ကူမျှင်ကိုဖြတ်ကြမယ်။ တကယ်တမ်းကျတော့ ဇာတ်တူသားစားထားတဲ့ ဟသ်ာပျိုတွေမှာ အားက လုံလုံလောက်လောက်မရကြဘူး။ ဒီလိုနဲ့ ပင့်ကူမျှင်မှာ ငြိပြီး ပင့်ကူရဲ့သတ်ဖြတ်စားသောက်ခြင်းကို ခံကြရတယ်။ အဘိုးအဘွားတွေကုန်တော့ ငယ်ရွယ်တဲ့ဟသ်ာတွေကို သတ်ဖြတ်စားသောက်ပြန်တယ်။ ပင့်ကူမျှင်ကို ဟသ်ာပျိုတို့က ကိုက်ဖြတ်ကြပြန်တယ်။ ဒါပေမဲ့လည်း ညီညွတ်မှုမရှိတဲ့ ဟသ်ာကိုးသောင်းဟာ ဇာတ်တူသားစားရင်းမျိုးတုံးကုန်တယ်။ ငယ်စဉ်က အလေးထားခဲ့တဲ့သင်ခန်းစာက ဇာတ်တူသားမစားရဘူး။ အချင်းချင်း ညီညွတ်ရမယ်လို့ဆရာမက သင်ကြားပေးခဲ့တယ်။

အခုအသက်ကြီးမှ ရလာတဲ့ သင်ခန်းစာနောက်တစ်ခုက ကြိုတင်ပြင်ဆင်မှုဟာ အရေးကြီးကြောင်း သတိပြုမိလာတယ်။ အဆိုးဆုံးအတွက်ကြိုတင်ပြင်ဆင်ရမယ်။ (Prepare for the worst)။ ရင်ဆိုင်တွေ့မှ ဖင်ထိုင်မမေ့ချင်ရင် အရာရာကိုကြိုတင်ပြင်ဆင်မှုဆိုတဲ့ သတိနဲ့နေထိုင်ကြရမယ်။

လတ်တလော တွေ့ကြုံနေရတဲ့ ဘေးဒုက္ခတော်တော်များများက လွန်ခဲ့သောနှစ်တွေက အတိတ်က မပြင်ဆင်ဘဲ လျစ်လျူရှုခဲ့တာတွေက ရလာတဲ့အကျိုး (ဆိုးကျိုး) တွေပဲ ဖြစ်တယ်။ လေအေးပေးစက်တွေ တီထွင်တယ်။ ရေခဲသေတ္တာတွေ သုံးစွဲမှုတွင်ကျယ်လာတယ်။ ဒါပေမဲ့ ဒါတွေရဲ့ ဘေးထွက်ဆိုးကျိုးကို ကာကွယ်ဖို့ မပြင်ဆင်ကြဘူး။ မသိကျိုးကျွံပြုလာကြတယ်။ ဒီလိုနဲ့ အိုဇုန်းလွှာတွေပေါက်ပြဲလာတယ်။ အယ်နီညိုတွေ၊ လာနီညာတွေဖြစ်လာတယ်။ ဖြေရှင်းရခက်တဲ့အချိန်ရောက်မှ သတိပြုမိလာကြတယ်။ နောက်ကျတဲ့အသိတွေပဲ။

ဒါပေမဲ့ စတင်သိရှိတဲ့အချိန်ဟာ နောက်ကျတာ ထက်စာရင် အများကြီး တော်သေးတာပေါ့။ စသိချိန်၊ စပြင်ဆင်၊ စတင်အသုံးချကြဖို့တော့ လိုမယ်။ ထပ်ပြီး နောက်မကျရင် အချိန်မီရုံတော့ ကျန်သေးတယ်။

mgyoe.com

mgyoe.com


မိုးရွာတာဟာ သဘာဝရဲ့ဆုလာဘ်ဖြစ်တယ်။ မိုးရေသံသရာလည်ဖို့ မြေပြင်၊ မြစ်ချောင်း၊ အင်းအိုင်တို့ရှိနေဖို့ကလည်း လိုအပ်တယ်။ သစ်တော သစ်ပင်တို့ကလည်း မရှိမဖြစ်ပဲ။ ဆိုတော့ သဘာဝက ပေးလာတဲ့ မိုးရေကို သိုလှောင်ရမယ်။ အလဟဿမဖြစ်ဖို့ စုဆောင်းရမယ်။ ရေလှောင်ကန် တွေဟာ ရွာလယ်။ ရွာထိပ်တိုင်းမှာရှိနေရမယ်။ မြေကြီးထဲ ရေမစိမ့်အောင် စီမံရမယ်။ ဒါတွေက သိပ်ခက်တာ မဟုတ်ဘူး။ နည်းပညာ မထွန်းကားမီ ရှေးလူကြီးတွေကတည်းက ရေလှောင်ကန်တူးပြီး ရေလှောင်တတ်တာ။ မိတ္ထီလာကန်ဟာ ထင်ရှားတဲ့သာဓကပဲ။ သဘာဝက လက်ဆောင်ပေးတဲ့ ကန်တွေက အင်းလေးကန်၊ မိုးယွန်းကြီးကန်၊ အင်းတော်ကန်တို့ကလည်း လူတွေကိုသာမက ကျေးငှက်သာရကာတွေအတွက်ပါ။ မှီခိုအားထားစရာ ဖြစ်တယ်။

ထို့အတူနာမည်အရ မထင်ရှားပေမယ့် အနီးအနား ရွာသူရွာသား များအတွက် အထောက်အကူပေးနေတဲ့ ရေကန်ငယ်တွေများစွာ ရှိတယ်။ "ကန်ပတ်လည်ခရေရိပ် ရွာထိပ်က ကျောင်းတော်သာ နံ့ဘေးဝယ်" လို့ တွဲတေးသိန်းတန်ကသီချင်းနဲ့ ရေကန်တွေပြဿန်းခဲ့တယ်။ ရေကန်ရှိရင် ကန် ပတ်လည်မှာ သစ်ပင်ကြီးငယ်ပေါက်ကြတယ်။ သစ်ပင်ကြီးငယ်ပေါက်ရင် ကျေးငှက်သာရကာတွေ ခိုနားမယ်။ လူသားတွေအတွက် အပူရှောင်နေရာ အိုအေစစ်ဖြစ်မယ်။

ဆိုတော့ သဘာဝက မျက်နှာသာပေးလာတဲ့ မိုးရေကို လူသားတွေ လက်လွှတ်ဆုံးရှုံးမခံနဲ့။ ရေလှောင်ကန်တွေနဲ့ရေကို စုဆောင်းပါ။ ပြီးရင် သစ်ပင်တွေ စိုက်ပါ။

## သစ်ပင်စိုက်မယ်

မြန်မာ့မြေက သစ်စေ့ပစ်ချရာနေရာ သစ်ပင်ထပေါက်တဲ့ အံဖိုးတန် မြေ။ နိုင်ငံတိုင်း ဒီအခွင့်အရေးရကြတာ မဟုတ်ဘူး။ ရရှိထားတဲ့ အခွင့်အရေး ကို ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်ဖို့လိုအပ်တယ်။ မာစဒါ သဲကန္တာရထဲမှာ။ အစ္စရေး လူမျိုးတွေက စိုက်ပျိုးရေး သုတေသနဖွင့်ပြီးသစ်ပင်တွေ စိုက်ဖို့ အထူးဝီရိယထုတ်ကြိုးစားနေကြတယ်။ မြန်မာနိုင်ငံလို သစ်ပင်စိုက်ရ လွယ်ကူ

mgyoe.com

mgyoe.com

တဲ့ နိုင်ငံမှ လူတွေက သူတို့နိုင်ငံမှာ စိုက်ပျိုးရေး သင်တန်းတက်နေရတယ်။ ယနေ့အထိပဲ။

သစ်ပင်စိုက်တာလည်း ဗဟိုဦးစီးစနစ်နဲ့ စိုက်ကြဦးမလို့လား။ ကျောင်းတွေမှာ ဒန့်သလွန်ပင်။ အခြားနေရာတွေမှာ ကြက်ဆူပင်။ မလုပ်လိုက်ပါနဲ့။ သူ့ဒေသ၊ သူ့ရေ၊ မြေ သူတို့ သိကြတယ်။ အထက်က စိုက်ခိုင်းတဲ့ အပင်စိုက်ပြီး ပစ်ထားလို့ သေကုန်မယ့်အဖြစ်မျိုး မလုပ်ကြနဲ့လား။ သူတို့ စိတ်ကြိုက်စိုက်။ စိုက်တော့ စိုက်ကိုစိုက်ရမယ်။ စိုက်ချင်အောင်တော့ ပြောရမယ်။ စည်းရုံးရမယ်။ ပြည်သူပါမှ အောင်မြင်မှာ။

ဗိုလ်ချုပ်အောင်ဆန်းလည်း သစ်ပင်စိုက်ခဲ့တာပဲ။ သူ သစ်ပင်စိုက်လို့ ပြည်သူတွေကို သစ်ပင်စိုက်ဖို့ အမိန့်မထုတ်ခဲ့ဘူး။ ဝါသနာပါလို့ စိုက်တယ်။ လိုအပ်ချက်အရ စိုက်တယ်။ သစ်ပင်ကို ချစ်လို့ စိုက်တယ်။ သစ်ပင်ကို ချစ်တာဟာ သဘာဝကို ချစ်တာ။ သဘာဝကို ချစ်တာဟာ လူသားကို ချစ်တာ။ လူသားကို ချစ်တဲ့ ဗိုလ်ချုပ်ဟာလူသားအတွက် လွတ်လပ်ရေးရအောင် ယူပေးသလို၊ လူသားအတွက် အသက်လည်း ပေးဆပ်ခဲ့တယ်။

ရေတွင်းတူးမယ်

ထို့အတူ ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ ရှေးလူကြီးတွေက ရေတွင်း တူးကြတယ်။ ဒါပေမဲ့ ယနေ့လူတွေ သတိမေ့နေကြတယ်။ ရေတွင်းရေဟာ အေးတယ်။ ကြည်လင်တယ်။ သေသေချာချာ စောင့်ရှောက် ထိန်းသိမ်းပေးရင် ရာသီမရွေးသုံးလို့ ရတယ်။ ဒါပေမဲ့ လူတွေကရေတွင်းကို သွားမကြည့်ဖြစ်ဘူး။

ဆိုတော့ ကျောင်းကိုလည်း လှူပါ။ ဘုန်းဘုန်းကိုလည်း လှူပါ။ သိမ်တော်ကြီးကိုလည်း လှူပါ။ ထို့အတူ ရေတွင်းကိုလည်း တစ်ချက်စောင်းငဲ့ကြည့်ပြီး ပြုပြင်စောင့်ရှောက်ပေးပါ။

အနာဂတ်ကို စိုးမိုးချင်ရင် လက်ရှိပစ္စုပ္ပန်ကို ပြင်ဆင်ကြရမယ်။ ရင်ဆိုင်တွေ့မှ ဖြစ်သလို ဖြေရှင်းတတ်တဲ့ အကျင့်ဆိုးကို ရှောင်ရှားရမယ်။ ရေသယံဇာတ မရှားတဲ့တိုင်းပြည်မှာ ခုလို ရေရှားနေရတာဟာ အုပ်ချုပ်ရေးပိုင်းရဲ့အားနည်းမှု၊ ပြည်သူတို့ရဲ့ ပြင်ဆင်မှုအားနည်းချက်တွေကြောင့် ဖြစ်တယ်။
mgyoe.com

mgyoe.com


မိုးမရွာခင်ရေကန်တူးပါ။ မိုးရွာရင်ရေလှောင်ပါ။ သစ်ပင်စိုက်ပါ။ ရေတွင်းတွေကို ဂရုစိုက်ပါ။ စက်ရေတွင်းတွေထက် သဘာဝရေတွင်းကို ပိုအားကိုးပါ။ မီးရှား၊ ရေရှားဘဝများမှ ကင်းဝေးပါစေ။

မောင်တင်ဦး(မြောင်းမြ)

❑

mgyoe.com

mgyoe.com

## သမိုင်းဖြစ်နေဆဲ ဖြစ်ခဲ့တဲ့ ရှစ်လေးလုံး

### ဒဏ္ဍာရီမဟုတ်တဲ့ သမိုင်း

ရှစ်လေးလုံးဆိုတာ လူတွေကို ခေါင်းဖြတ်၊ ဂိုဒေါင်တွေ ဖောက်၊ ပစ္စည်း လု၊ ရပ်ကွက်အေးချမ်းမှု မရှိ၊ မင်းမဲ့စရိုက်ဆိုးတွေနဲ့ ပြည့်နှက်နေတာ၊ ရှစ်လေးလုံးဟာ အရေးတော်ပုံ မဟုတ်ဘူး၊ သမိုင်းကောင်း မဟုတ်ဘူး။ တော်လှန်ရေးလှုပ်ရှားမှု မဟုတ်ဘူး။ ရှစ်လေးလုံး အရေးခင်းစကားလုံး လောကနဲ့ ကျေနပ်နေရတာ။ တကယ်ပဲ ရှစ်လေးလုံးဟာ လူရိုင်းတို့ရဲ့ အကြမ်းဖက် လုပ်ရပ်တွေလား။ မင်းမဲ့စရိုက်တို့ရဲ့ ပုန်ကန်မှုကြီးလား။ သမိုင်းထဲက ရုပ်ပုံလွှာကားချပ်တစ်ခုကို ပုံပျက်ပန်းပျက်ဖြစ်အောင် နည်းလမ်းပေါင်းစုံ စုတ်ချက်ကြမ်းကြမ်းနဲ့ ရမ်းရမ်းကားကား သရုပ်ဖော်လိုက်ကြတယ်။ လူတွေကို အစုလိုက် အပြုံလိုက် ခေါင်းဖြတ်တဲ့ ပွဲ၊ ပဒုမ္မာဂိုဒေါင်ကို အကြမ်းဖက်ကာ ပစ္စည်းလုတဲ့ပွဲ။ ကိုယ်အိမ်ကိုယ့်ရာ မလုံခြုံလို့ စည်းရိုးကာ၊ ဓားကိုင်စောင့်ရတဲ့ ပွဲ။ လမ်းမပေါ်မှ သစ်ပင်တွေ ခုတ်လှဲ ကားတွေ မသွားရ၊ စစ်ကားတွေ မဖြတ်ရအောင် လုပ်တဲ့ပွဲ။ ရှစ်လေးလုံးကို မကြုံလိုက်ရတဲ့ (၂၈) နှစ်အောက် ကလေးလူငယ်တွေကို ဒီလိုပဲ ပေးသိလိုက်ကြတယ်။ ရှစ်လေးလုံးသမိုင်းက အရိုင်း (သို့မဟုတ်) ယုံတမ်းဒဏ္ဍာရီလား။

### သွေးစွန်းခဲ့သော အတိတ်များ

၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့က စခဲ့တဲ့ သွေးစွန်းအတိတ်များက ယနေ့ထိ မခြောက်သေးဘူး။ အာဏာရှင်က ကျောင်းသားကို ရွံမုန်း

mgyoe.com

mgyoe.com


တယ်ဆိုတာ ထင်ရှားနေတယ်။ ကျောင်းသားတွေ စုဝေးရာ တကဲသ အဆောက်အအုံကို ဖောက်ခွဲတယ်။ ထိုပေါက်ကွဲမှုနဲ့အတူ ကျဆုံးခဲ့ရတဲ့ ကျောင်းသားတွေရဲ့သမိုင်းကလည်း ကောင်းမွန်တဲ့မှတ်တမ်း၊ သမိုင်းတွင် ခဲ့တဲ့မှတ်တိုင်အဖြစ် ယနေ့အထိ အသိအမှတ်ပြု မခံရသေးဘူး။ ဘယ် နိုင်ငံပိုင်သတင်းစာ၊ ဘယ်မဂ္ဂဇင်းကမှ သမိုင်းဝင်အမှတ်တရ ဖော်ပြခြင်း မရှိခဲ့သေးဘူး။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် (ဟောင်း) ဦးသန့်ရဲ့ လွမ်းမောဖွယ်၊ နာကြည်းဖွယ် စိတ်မချမ်းမြေ့ဖွယ် ဈာပနအခမ်းအနားဟာ လည်း ကျောင်းသားနဲ့ပြည်သူကောင်းမှုကြောင့်သာ သူတော်ကောင်းတို့ စံမြန်းရာ ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှာ လဲလျောင်းခွင့် ရခဲ့တာ။ နို့မဟုတ် ကြံတောသချိုင်းမှာ သင်္ဂြိုဟ်ခံရမှာ။ ခုဆို ကြံတောသချိုင်းကို နှောင်းလူတို့ အတွက် ဘယ်နေရာမှာ ရှာရမှန်း မသိနိုင်တော့ဘူး။ သမိုင်းဝင်အမှတ်အသား လေးတောင် မကျန်တော့ဘူး။

ရှေးခေတ် ဘုရင်ခေတ်၊ မင်းဇကရာဇ်ခေတ်တွေက မှတ်တမ်းမှတ်ရာ အားနည်းလို့ (သမိုင်းတန်ဖိုး မသိလို့) 'အ' တဲ့ ပြည်သူများပြားလို့ (သမိုင်း) ရာဇဝင်ကို တုတ်ထမ်းပြောရမယ်လို့ ဆိုစမှတ်ရှိခဲ့တယ်။ ဒါက ကြာခဲ့လို့။ ထားလိုက်ပါတော့။ မဝေးလှတဲ့ကာလက မှတ်တမ်းတွေရှိတုန်း၊ လူမှတ်တမ်း၊ သက်မဲ့မှတ်တမ်း အထောက်အထား အခိုင်အမာရှိနေတုန်း ကာလမျိုးမှာပင် သမိုင်းအမှန်ကို ဖျောက်ဖျက်ဖို့၊ လိမ်ညာဖို့၊ မေ့ပျောက်ဖို့လုပ်နေတဲ့သူတွေက လုပ်ခဲ့ကြတယ်။ သမိုင်းထဲက ဗိုလ်ချုပ်၊ ပြည်သူတိုင်းရဲ့ အိတ်ကပ်ထဲမှာ ရှိနေဖို့၊ သတိရနေဖို့၊ ပြည်သူသွားလေရာ လိုက်ပါနိုင်ဖို့ ငွေစက္ကူ (note) တွေပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပုံရိုက်နှိပ်ထုတ်ဝေခဲ့တယ်။ တစ်ကျပ်တန် မှ အစတစ်ရာတန်ကျပ်တန်အထိ။ ပြည်သူနဲ့ ဗိုလ်ချုပ်ဓာတ်ပုံက မခွဲမခွာ ပါဝင်စမြဲ။ ဒါကိုလည်း သိသိကြီးနဲ့ သမိုင်းထဲက ဗိုလ်ချုပ်ကို ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာ (၃) ရက် နေ့မှာ ၂၀ ကျပ် ၅၀ ကျပ် ၁၀၀ ကျပ်တန်တို့ကို တရား ဝင်အဖြစ်မှ ရုပ်စဲဖျက်ဆီးပစ်လိုက်ကြတယ်။ ကိုယ့်အိတ်ထဲက ပိုက်ဆံ ကိုယ့် ပိုက်ဆံ မဟုတ်တော့ဘူး။ ဘယ်လောက် ရင်နာဖို့ ကောင်းသလဲ။

တစ်ဖန် ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ သူတို့ထုတ်ဝေ ထားတဲ့ ၂၅ ကျပ်၊ ၃၅ကျပ်၊ ၇၅ ကျပ်တန်တို့ကို တရားဝင်သုံးစွဲခြင်းမှထပ်မံ

mgyoe.com

mgyoe.com


ရုပ်ဆိုင်းလိုက်ပြန်တယ်။ ထိုအချိန်မှစပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ရုပ်ပုံလွှာဟာ ပြည်သူတွေနဲ့ဝေးကွာသွားခဲ့ရပြီ။ ပြည်သူတွေအိတ်ထဲမှာ ထွေးပွေ့ထားလို့ မရတော့ဘူး။ ယနေ့ထိ ပြည်သူတွေရဲ့အိပ်ကပ်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းပုံ မရှိတော့ဘူး။ ဆရာစံပုံမရှိတော့ဘူး။ သခင်ဖိုးလှကြီးပုံ မရှိတော့ဘူး။ ကိုယ့်အိတ်ကပ်ထဲမှာ ဘာပုံရှိလဲဆိုတာ ကိုယ့်ဘာသာနှိုက်ကြည့်၊ ပြန်ကြည့်ကြပေတော့။

ဒီအခြေအနေတွေက ပြန်ရေးပြရတာ လွယ်လွယ်လေး စင်စစ် ၂၅ ကျပ်တန်တစ်ရွက်နဲ့ ထမင်းစားနေရတဲ့ မိသားစုတစ်စုဘဝဟာ ထိုနေ့ကကမ္ဘာ ပျက်တာပဲ။ တစ်နေ့ရတဲ့ ပိုက်ဆံနဲ့ ဆန်ဖိုး၊ ဆီဖိုး၊ ကန်စွန်းရွက်တစ်စီး၊ ငါးပိရည်၊ တစ်မတ်ဖိုး၊ ငရုတ်သီးမှုန့် ဝယ်ပြီးမှ ထင်း၊ မီးသွေးနဲ့ ချက်စားရတဲ့ မိသားစုချက်ချင်း ထမင်းငတ်ကုန်ကြတယ်။ ဘယ်သူကမှ သူတို့လိုလူမျိုးကို ကရုဏာထား အကြွေးရောင်းကြမှာလဲ။ ငွေပိုငွေလျှံမရှိတဲ့ မိသားစုတွေ စုဝေးနေတဲ့ ဆင်းရဲသားရပ်ကွက်မှာ ဘယ်အိမ်ကမှ ဘယ်သူ့ကိုမှ မကူညီနိုင်ဘူး။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေရုံပဲ။ ဘယ်သူ့ကို တိုင်တည်ရမှာလဲ။ ဘယ်သူ့အားကိုးရမှာလဲ။ ဒီအစိုးရအုပ်ချုပ်မှုအောက်မှ နေနေရတဲ့ ပြည်သူတွေခမျာ၊ ဒီအစိုးရကမှ မကြင်နာရင် ဘယ်သူက လာပြီး ကြင်နာမှာလဲ။

ကိုယ်အငတ်ခံနေနိုင်ပေမယ့် ကိုယ့်ကလေးငတ်နေတာကို ဘယ်မိဘက အသည်းမာမာနဲ့ကြည့်နေနိုင်မှာလဲ။အသည်းမမာနိုင်လို့ အသည်းနာနေရပြီလေ။ နို့ဆာလို့ ငိုနေတဲ့ ကလေးကို နို့လှန်တိုက်ပေမယ့်၊ နို့ပိန်က နို့မထွက်ဘူး။ အမေကိုယ်တိုင် ဘာမှမစားရသေးတော့ ဘယ်လိုလုပ် နို့ရည်က ရောက်လာမှာလဲ။ နို့မထွက်လေ ကလေးငိုလေပေါ့။ ကလေးငိုလေ အမေရင် မချိအောင် နာလေပေါ့။ ဒီလိုနဲ့ ရင်နာခဲ့ရတဲ့ ပြည်သူတွေ တစ်နိုင်ငံလုံးနီးပါးပဲ။

ဒီလိုနဲ့ ၁၉၈၅ ခုနှစ်က မမာနိုင်ခဲ့တဲ့အသည်း ခုတော့ တဖြည်းဖြည်းနဲ့ အသည်းနာခဲ့ကြပြီ။ ပြည်သူတွေအသည်းနာခဲ့ကြပြီ။ ဆင်းရဲမွဲတေမှုက နက်ရှိုင်းလာ။ တစ်ဖက်သတ်ခံစားနေရတဲ့အသည်းတွေက ကြေပြုန်း မတတ်နာ။ အားကိုးစရာလို့ ယူဆထားတဲ့ နိုင်ငံတော်ကောင်စီ (အစိုးရ) ကိုယ်တိုင်က ပြည်သူဘက် မရပ်တည်။ ပါတီအကျိုးနဲ့ပြည်သူ အကျိုးယှဉ်လာလျှင်

mgyoe.com

mgyoe.com


ပြည်သူ့ဘက် ရပ်တည်မယ်လို့ (နှုတ်က) ကြွေးကြော်နေပြီး၊ လက်တွေ့က ပါတီစိတ် အတွင်းရေးမှူး၊ ပါတီယူနစ်ကော်မတီဝင်တွေပါ ဗဟိုကော်မတီတွေသာလုပ်ပိုင်ခွင့်ရနေတဲ့ ကာလဖြစ်လာတယ်။ ကာလဆိုးပဲ ခေါ်ရမလား။ ပြည်သူတွေခမျာ နေပူမိုးရွာအောက်မှာ တန်းစီတိုးစားနေရချိန် သူတို့က ပဒုမ္မာကုန်တိုက်က ချွေးမထွက်နေမထိ အခွံသားစားနေရတယ်။

ကျောင်းသားတွေပဲ စရပြန်ပြီ

၁၉၈၈ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့က စခဲ့တဲ့ကျောင်းသားနဲ့ အရပ်သားရန်ဖြစ်တဲ့ပြဿနာက ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားများနဲ့ လုံခြုံရေးတပ်စုတို့ရဲ့ ပဋိပက္ခ ကလေးငိုလေ အမေ ရင်မချိအောင် နာလေပေါ့။ ကြီးမားလာတယ်။ စက်မှုတက္ကသိုလ်ကျောင်းသားနှစ်ဦး သေဆုံးခဲ့ရပြန်တယ်။

ဒီလို မတည်မငြိမ်ဖြစ်နေချိန်မှာ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်ပါတီ အရေးပေါ် ညီလာခံခေါ်ယူ ကျင်းပခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင် အာဏာရှင်ဦးနေဝင်း၊ ဦးစန်းယုတို့ပါတီက နုတ်ထွက်ခဲ့တယ်။ အဲ့ဒီညီလာခံမှ တစ်ပါတီစနစ်နှင့် ပါတီနည်းစုံစနစ် မည်သည့်စနစ် ရွေးချယ်ကြမလဲ ဆိုတဲ့မေးခွန်းကို ပြည်သူတွေထံ အသိပေးလိုက်တယ်။ နိုင်ငံရေးရှုပ်ထွေးနေတဲ့ကာလမှာ ပြည်သူတွေရဲ့အသိကိုပါ (တမင်) ရှုပ်ထွေးအောင် လုပ်လိုက်ကြတယ်။

၁၉၈၈ ခုနှစ်၊ ဇူလိုင် ၂၆ ရက်နေ့မှာ ပါတီဥက္ကဋ္ဌအဖြစ် ဦးစိန်လွင်ဖြစ်လာတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ရဲ့အပြောင်းအလဲဟာ ပြည်သူကို ဘာတစ်ခုမှ အပြောင်းအလဲ ဖြစ်မလာခဲ့ဘူး။ ဒါကြောင့် ဇူလိုင် ၂၈ ရက်မှာ ကျောင်းသားများက အသည်းနာနေတဲ့ ပြည်သူ့ကိုယ်စား ရွှေတိဂုံဘုရားမှာ သပိတ်စခန်းဖွင့်လိုက်တယ်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ (၈ လ)၊ (၈) ရက် ၈.၈.၈၈ (ရှစ်လေးလုံးနေ့) မှာ မြန်မာတစ်နိုင်ငံလုံးပြည်သူလူထုအားလုံး ဆန္ဒပြအုံကြွကြတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပြုတ်ကျဖို့၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ရွေးချယ်ခန့်ထားတဲ့ နိုင်ငံတော်ကောင်စီနဲ့ နိုင်ငံတော် သမ္မတ

mgyoe.com

mgyoe.com


ပြုတ်ကျဖို့၊ တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားတစ်ရပ်လုံးသာမက၊ မြန်မာ့ဆိုရှယ်လစ်ပါတီဝင်တွေ၊ တင်းပြည့်ပါတီဝင်တွေ၊ ပါတီပြုတ်ရင် အလုပ်ပြုတ်မှာ သေချာနေတဲ့ ပါတီရုံးဝန်ထမ်းတွေကအစ သပိတ်မှောက်ဆန္ဒပြခဲ့ကြတယ်။ အစိုးရ ရုံးဝန်ထမ်းတွေ အားလုံးပါဝင်ခဲ့လို့ အစိုးရအုပ်ချုပ်ရေးရပ်ဆိုင်းသွားခဲ့တယ်။ ဝန်ထမ်းတွေ ရုံးမတက်ကြဘူး။ ရုံးတွေ အားလုံးသပိတ်စခန်းတွေ ဖြစ်ကုန်တယ်။ ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ရုံးတွေ၊ စက်ရုံတွေ၊ အလုပ်ရုံတွေ အားလုံးသပိတ်စခန်းဖြစ်ကုန်တယ်။

သပိတ်စခန်းတွေ ဖွင့်၊ သပိတ်မှောက်ကြတဲ့ ပြည်သူတွေ ဘာကိုသပိတ်မှောက်ကြတာလဲ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနဲ့ နိုင်ငံတော်ကိုအဆင်းရဲဆုံးနိုင်ငံဖြစ်အောင် အုပ်ချုပ်နေတဲ့ နိုင်ငံတော်ကောင်စီနဲ့ နိုင်ငံတော်အစိုးရကို သပိတ်မှောက်တာ။ ဆန့်ကျင်တာသာဖြစ်တယ်။ မည်သည့် လက်နက်ကိုင်အဖွဲ့အစည်းကိုမှ ဆန့်ကျင်ဆန္ဒပြတာ မဟုတ်ဘူး။ ဒါပေမဲ့ ပြည်သူလက်နက်ကိုင်အဖွဲ့အစည်းတွေက ပြည်သူ့ဘက်က မရပ်တည်ဘဲ ပြည်သူတွေကိုသာ ပစ်ခတ်နှိမ်နင်းခဲ့တာ ပြည်သူတွေ မေ့မရလောက်အောင် ခံစား အံ့အားသင့်ခဲ့ရတယ်။

ဒီမိုကရေစီရရှိရေး

ပြည်သူတွေက သူတို့ လိုချင်တာကို ကြွေးကြော်ခဲ့ကြတယ်။ "ဒီမိုကရေစီရရှိရေး... ဒို့အရေး" ရိုးရိုးလေးပါပဲ။ အာဏာရရှိရေး မတောင်းဆိုခဲ့ပါဘူး။ ဒီလိုရိုးသားစွာ ကြွေးကြော်နေကြတဲ့ ပြည်သူတွေကို ရုံးအရာရှိတစ်ယောက်က ရုံးအပေါ်ထပ် တစ်နေရာကို ရပ်ကြည့်နေတယ်။ "ဒီလူတွေဒီမိုကရေစီ ရရှိရေးအော်နေရအောင် ဒီမိုကရေစီဆိုတာ ဘာမှန်းရော သိကြလို့လား"။ ဒါကို ရုံးစောင့်က ကြားသွားတယ်။ ရုံးစောင့် ပြောလိုက်တဲ့စကားကြောင့် အရာရှိမျက်နှာ တစ်ချက်ပျက်သွားပြီး သူ့အခန်းထဲ ပြန်ဝင်သွားပါလေရော။ "ဆရာရယ်၊ ဒီမိုကရေစီဆိုတာ ဘာမှန်းတော့ သူတို့ သိချင်မှ သိမှာပေါ့။ ဒါပေမဲ့ အခု အုပ်ချုပ်နေတာကတော့ ဒီမိုကရေစီမဟုတ်မှန်းသူတို့သေသေချာချာ သိနေတယ်လေ ဆရာရဲ့"။

ရှိစေတော့ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ဖို့၊ တစ်ပါတီအာဏာ

mgyoe.com

mgyoe.com


ရှင် စနစ်ဖျက်သိမ်းဖို့၊ ဗဟိုဦးစီးအောက်က တစ်သွေး၊ တစ်မိန့်တွေ ရပ်ဖို့ ပြည်သူတွေဟာ လက်နက်မပါ။ စည်းလုံးမှုအင်အားတစ်ခုတည်းကို အားကိုးပြီး ရှစ်လေးလုံးတော်လှန်ရေးကို ဆင်နွှဲခဲ့ကြတယ်။

ဘယ်သူက ဘယ်သူ့ကိုမှ မစည်းရုံးဘဲ၊ ခိုင်မာကျစ်လျစ်တဲ့ အင်အားစုတစ်ရပ်ကို ရှစ်လေးလုံးက မွေးဖွားပေးလိုက်တယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရှေ့မှာ အဖွဲ့အစည်းပေါင်းစုံက စုဝေးရောက်ရှိလာပြီး အစာအငတ်ခံ ဆန္ဒပြကြတယ်။ ဩဂုတ်လ၊ ဝါဆို ဝါခေါင် မိုးတွေက သဲသဲမဲမဲ။ ရွာကောင်းနေတယ်။ မိုးရေသဲသဲအောက်မှာ ကြံ့ကြံ့ခိုင် ပြည်သူများဟာ မဆုတ်မနစ်ဇွဲနဲ့ သူတို့ရဲ့ဆန္ဒကို အစွမ်းကုန်ထုတ်ပြကြတယ်။ ဘယ်သူကမှ အသက်ကို အာမခံပေးမထားဘူး။ ဘဝကို အကာအကွယ် ပေးမထားဘူး။ ရှစ်လေးလုံးတော်လှန်ရေးဟာ အသက်တွေဘဝတွေထက် ပိုအရေးကြီးတယ်လို့ ပြည်သူတွေက ခံယူထားတာ။

သံချပ်ကာကားတွေ၊ လုံထိန်းကားတွေ၊ လက်နက်အပြည့်အစုံ ကိုင်လာတဲ့ စစ်သားတွေဟာ ရန်သူ့နယ်မြေမှာစစ်ရေးပြသလို မြို့တော်ရန်ကုန်လမ်းမပေါ်မှာ စစ်ရေးပြနေတယ်။ ဒါပေမဲ့လည်း ပြည်သူတွေက ကြောက်ရွံ့နောက်တွန့် မသွားကြဘူး။ မိုးပေါ်ထောင် မပစ်ဘူးဆိုတာ အတွေ့အကြုံအရ သိကြပေမယ့် ရင်ကော့ထားစမြဲ။

အနီလည်စည်းတွေ ဝတ်ထားတဲ့ ရဲဘော်တွေက သေနတ်ကို အသင့်အနေအထားမှာ ကိုင်ထားတယ်။ တကယ်ပစ်တော့မှာလား နောက်ဆုံးတော့ တကယ်ပစ်ပါတော့တယ်။ တက်ကြွကျောင်းသားတွေ၊ တက်ကြွပြည်သူတွေ သွေးမြေကျခဲ့ရတယ်။ ပြည်သူတွေအတွက်ကတော့ သွေးမြေကျရတဲ့ ဖြစ်ရပ်က သိပ်ထူးထူးခြားခြား မဟုတ်တော့။ ရင်ထဲက ခံစားရတဲ့ စိတ်နာစရာတွေ၊ အသည်းမမာနိုင်တာတွေ စိတ်ရောကိုယ်ရောပါ ချုံးချုံးကျခဲ့ရတာတွေ ကိုယ့်လုပ်အားနဲ့ ကုတ်ကုတ်ကတ်ကတ် ရှာဖွေထားတဲ့ငွေတန်ဖိုးဟာ စက္ကူတစ်ရွက်ဘဝ ရောက်သွားလို့စားရမဲ့၊ သောက်ရမဲ့ဖြစ်သွားရတဲ့ ဒေါသတွေ၊ အရှေ့တောင်အာရှရဲ့ ကြွယ်ဝချမ်းသာတဲ့ နိုင်ငံအဆင့်မှ ချွတ်ခြုံကျ၊ LDC နိုင်ငံတော်ဖြစ်သွားရလို့ စိတ်ထိခိုက်နေရတာတွေ အားကိုးရမယ် ထင်ထားခဲ့ရတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနဲ့ နိုင်ငံတော်ကောင်စီအစိုးရက

mgyoe.com

mgyoe.com


ပြည်သူကို နှိပ်စက်ကလူပြုတဲ့၊ ပြည်သူကိုရန်သူလိုကျင့်ကြံတဲ့ အစိုးရကို မကျေနပ်မှုတွေစတဲ့စတဲ့ ခံစားချက်ပေါင်းစုဝေးပြီး ရှစ်လေးလုံးနေ့မှာ ပေါက်ကွဲပြလိုက်တာဟာ တစ်ကမ္ဘာလုံးက ရင်သပ်ရှုမောဖြစ်ကုန်ပါတယ်။

ရှစ်လေးလုံးတော်လှန်ရေးရဲ့ပေါက်ကွဲမှုဟာ တစ်နိုင်ငံလုံး ပျံ့နှံ့သွားတယ်။ ဗာဆေးနန်းတော်ကြီးကို ဖြိုဖျက်နိုင်ခဲ့တဲ့ ပြင်သစ်တော်လှန်ရေးကို အမှတ်ရစေတယ်။ ကျောင်းတွေသာမက အိမ်ရှင်မ၊ အလှဖန်တီးရှင်၊ အနုပညာသည်၊ စာရေးဆရာ၊ အဆိုတော်၊ အလုပ်သမား၊ လယ်သမား၊ မူလတန်းကျောင်းသားကအစ လူတိုင်းပါဝင်တော်လှန်ခဲ့တယ်။ လက်ကိုင်ပဝါပေးသူ၊ ရေသန့်ဘူးပေးသူ၊ မုန့်ပေးသူ၊ အအေးပုလင်းပေးသူ စတဲ့ ပြည်သူတွေရဲ့ အားပေးမှုကလည်း အားရစရာကောင်းလှပါဘိ။

ရှစ်လေးလုံးတော်လှန်ရေးရဲ့မြင်ကွင်းဟာ ဘယ်တော့မှ မေ့မရနိုင်တော့တဲ့ မြင်ကွင်းပါ။ သမိုင်းထဲက ဒီပုံရိပ်ကို ဘယ်တော့မှ ဖျောက်ဖျက်လို့မရနိုင်ပါ။ ကြုံခဲ့သူက မကြုံဖူးသူကို လက်ဆင့်ကမ်းရမယ်။ မြန်မာနိုင်ငံရဲ့နိုင်ငံရေးကို ဖိုက်ကြီးသည်တစ်ယောက် ကလေးမွေးထုတ်ပေးချိန် ပင်ပန်းကြီးစွာ ညှစ်ထုတ်ပေးရသလို လက်ရှိဒီမိုကရေစီအစိုးရကို သွေးတွေ၊ အသက်တွေ၊ ဘဝတွေ အချိန်တွေများစွာ ပေးဆပ်ပြီး မွေးထုတ်ပေးခဲ့တာပါ။

ဒါကြောင့် ရှစ်လေးလုံးတော်လှန်ရေးကို အောင်မြင်တဲ့ အချိန်မှာပဲဖြစ်ဖြစ်၊ ရှန်းကန်ရတဲ့အချိန်မှာပဲဖြစ်ဖြစ် မမေ့အပ်တဲ့ သမိုင်းဝင်နေ့အဖြစ် အမှတ်ရစေရန်အလို့ငှာ ဂုဏ်ပြုရေးသားအပ်ပါကြောင်း။

**Weekly Eleven**

**၈.၈.၂၀၁၆**

❑

mgyoe.com

mgyoe.com

## ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့

မွေးနေ့

မွေးနေ့။ သတ္တဝါတိုင်းဟာ မွေးနေ့နဲ့ ကြုံရတယ်။ မွေးနေ့ရှိခဲ့လို့ သက်ရှိဘဝက အစပြုခဲ့ကြတာ။ စင်စစ်မွေးနေ့ဆိုတာ သတ္တဝါတစ်ကောင်၊ လူတစ်ယောက်အတွက် မရှိမဖြစ်ရှိရမယ့်နေ့တစ်နေ့ပဲ။ ထို့အတူ မွေးနေ့ ဆိုတာ တစ်ကြိမ်တစ်ခါတည်းသာ ရှိရမှာ။ ဒါပေမဲ့ ပြက္ခဒိန်ဆိုတာ ပေါ်လာ တယ်။ ပြက္ခဒိန် နှစ်တစ်နှစ်ပတ်လည် ဖြစ်လာတဲ့ဖြစ်စဉ်ပေါ် မူတည်ပြီး ပြန်ထပ်သီဝရီ (Recurring) အရ ထပ်တူကျရက် တစ်ရက်ပြန်ပေါ်လာ တယ်။ ဖေဖော်ဝါရီ ၁၃ ရက်ဟာ ၁၉၁၅ ခုနှစ်မှာလည်း ရှိခဲ့တယ်။ ၂၀၁၆ ခုနှစ်မှာလည်း ရှိနေတယ် မဟုတ်လား။

ဒီလိုနေ့ နှစ်တစ်ပတ်လည်ပြည့်တဲ့နေ့ကို မွေးနေ့လို့ လူသားတွေက တီထွင်သတ်မှတ်လာကြတယ်။ မွေးနေ့ဆိုတာ မိမိကိုမွေးဖွားလာတဲ့နေ့ကို အစွဲပြုပြီး တစ်နှစ်ပြည့်မွေးနေ့။ နှစ်နှစ်ပြည့်မွေးနေ့ စသည်ဖြင့် မွေးနေ့တွေ နှစ်စဉ်ကျင်းပလာကြတယ်။ T.V တွေမှာ မွေးနေ့လုပ်တယ်။ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ၊ နေ့စဉ်ထုတ်သတင်းစာတွေမှာ မွေးနေ့လုပ်တယ်။ ခုဆို Face book က မွေးနေ့ပွဲက မိတ်ဆွေတွေထံ အရောက်မြန်သလို like, wish တွေ၊ comment တွေနဲ့ သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်စရာကြီး။

တစ်နှစ်တစ်ခါ ကျင်းပကြတဲ့မွေးနေ့ဟာ စုစည်းမိရုံ (gathering)၊ ပျော်ရွှင်ရုံ (funny)နဲ့တင် မပြီးသင့်ဘူး။ အဓိပ္ပာယ်ရှိတဲ့အနှစ်သာရပြည့်ဝတဲ့ မွေးနေ့အထိ ရည်ရွယ်ကျင်းပသင့်တယ်။ ယေ်ရွယ်သူ မူကြိုကလေးဘဝမှာ

mgyoe.com

mgyoe.com
ကျင်းပတဲ့မွေးနေ့နဲ့ ရင့်ကျက်လာမှ ကျင်းပတဲ့မွေးနေ့တို့က အဓိပ္ပာယ်ခြင်း မတူဘူး။

မူကြိုကလေးဘဝမွေးနေ့ဟာ ကိတ်မုန့်ပေါ်က ဖယောင်းတိုင်မီးတွေကို မှုတ်ပြီး လက်ခုပ်လက်ဝါးတီးကာ Happy Birthday To You သံပြိုင်ဆိုရုံနဲ့ မွေးနေ့ပွဲကျင်းပလို့ဖြစ်တယ်။ အပူအပင် မရှိဘူး။ ဘာတာဝန်မှ ခံစရာ မလိုသေးဘူး။ မိဘ၊ ဆရာတို့က ဦးစီးကျင်းပပေးတဲ့ မွေးနေ့ပွဲဖြစ်လို့ လူမှုရေးပွဲ သက်သက်မျှသာ ဖြစ်တယ်။ မူကြိုကလေးကိုသင့်ဘဝ ရည်မှန်းချက်တွေ၊ ရှေ့အနာဂတ်လုပ်ငန်းစဉ်တွေ မေးမနေနဲ့။ မေးလည်း ပြန်ဖြေမယ့်အဖြေက မိဘ၊ ဆရာတွေသင်ပေးတဲ့အတိုင်း ပြောမှာ။ စစ်ဗိုလ်ဖြစ်ချင်တယ်။ (စစ်သားဖြစ်ချင်တယ် မပြောဘူး) ဆရာဝန်ဖြစ်ချင်တယ်။ (သန့်ရှင်းရေးဝန်ထမ်းဖြစ်ချင်တယ် မပြောဘူး) ဒါတွေက မူကြိုကလေးဘဝရဲ့ မွေးနေ့မြင်ကွင်းများဖြစ်တယ်။

နှစ်ပတ်လည်မွေးနေ့ဆိုတာ အသက်တစ်နှစ်ကြီးလာတာကို ပြည့်ြန်းနေတာ။ လောကထဲမှာ ငါ ဘယ်နှနှစ်နေခဲ့ပြီဆိုတာ သတိပြုမိစေသလို၊ လောကထဲမှာ နေခွင့်ရတဲ့နှစ်ထဲမှာ ဘယ်နှနှစ်တော့ ကုန်ဆုံးသွားပြီဆိုတာကို သတိပေးနေတာ။

အဲဒီကုန်ဆုံးသွားတဲ့နှစ်တွေမှာ မိမိဘဝရဲ့မှတ်တိုင် (mile stone) တွေ စိုက်ထူခဲ့ကြပြီးပြီ။ နုတ် မရတော့ဘူး။ အချို့မှတ်တိုင်တွေက ကိုယ့်ဘာသာ စိုက်ထူတဲ့ မှတ်တိုင်။ အချို့က လောကခံကပေးတဲ့ မှတ်တိုင်။ အချို့က ပယောဂကြောင့်ဖြစ်တဲ့ မှတ်တိုင်။ ဘာကြောင့်ဖြစ်ဖြစ်၊ ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ဒီမှတ်တိုင်တွေက ကိုယ့်ဘဝတစ်ခုရဲ့ နုတ်မရတော့တဲ့ မှတ်တိုင်တွေပဲ။

ဗိုလ်ချုပ်မွေးနေ့

(၁၉၁၅) ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်ဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးနေ့ဖြစ်တယ်။ ယခုနှစ် ၂၀၁၆ ခုနှစ်ရောက်ပြီ။ ဗိုလ်ချုပ်အသက် ၁၀၁ နှစ်ပြည့်မွေးနေ့ရောက်လာပြီ။ ဗိုလ်ချုပ် သက်ရှိထင်ရှားတကယ်ရှိနေခဲ့ရတာက ၃၂ နှစ်သာရှိခဲ့တယ်။ (၁၉၄၇) ခုနှစ်မှစပြီး ဗိုလ်ချုပ်ဟာ သက်ရှိ ထင်ရှား
mgyoe.com

mgyoe.com


မရှိတော့ဘူး။ အကြံပက်စက်တဲ့ ဂဠုန်ဦးစောရဲ့လုပ်ကြံမှုကြောင့် ဇူလိုင် ၁၉ ရက်နေ့မှာ သေနတ်ဒဏ်ရာ ၁၄ ချက် ထိမှန်ပြီး ကျဆုံးခဲ့ရတယ်။ ကျဆုံးခဲ့တဲ့ ဗိုလ်ချုပ်ကို ပြည်သူက မမေ့နိုင်ဘူး။ ချစ်တုန်းပဲ။ ရင်ထဲမှာ သိမ်းဆည်းထားဆဲ။

ဒါကြောင့် ဖေဖော်ဝါရီ ၁၃ ရက် ကျရောက်တိုင်း ဗိုလ်ချုပ်မွေးနေ့ကို ကျင်းပကြတယ်။ Happy Birthday လို့ ပြောချင်ပေမယ့် ပြောမထွက်ခဲ့ဘူး။ ဒါကြောင့် ဗိုလ်ချုပ်မွေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ "ကလေးများနေ့" အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့တယ်။ ကလေးများနေ့လို့ သတ်မှတ်ဂုဏ်ပြုတာဟာ အလွန်မှ လိုက်လျောညီထွေရှိတယ်။ မိခင်ဒေါ်စုက မွေးဖွားပေးလိုက်တဲ့ ဒီလိုနေ့မှာ အခြားသော မိခင်တွေကလည်း ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးပေးစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ကလေးများနေ့ သတ်မှတ်တာဖြစ်တယ်။

ကျဆုံးပြီးတော့ ကြေကွဲစရာကောင်းတဲ့ဗိုလ်ချုပ်ကို အကြောင်းပြုပြီး ပျော်ပွဲရွှင်ပွဲတွေနဲ့ Happy Birthday လုပ်နေတာဟာ မသင့်လျော်ဘူး။ တကယ်ဆို Sorry Birthday ဖြစ်ရမှာ။ သည်တော့ ဗိုလ်ချုပ်မွေးနေ့မှာ ကလေးများနေ့သတ်မှတ်ပြီးကလေးများအတွက် ပျော်ပွဲရွှင်ပွဲကျင်းပပေးကပိုသင့်လျော်တယ်။ ဗိုလ်ချုပ်ကို သတိရပြီး ဝမ်းနည်းနေရသလို ကလေးများက ဗိုလ်ချုပ်ကိုအားကျပြီး တက်ကြွစေကာ ခွန်အားပြိုင်ပွဲ၊ ဉာဏအားပြိုင်ပွဲများပြုလုပ်ပေးရမယ်။ ဗိုလ်ချုပ်ဆိုတာ ဘယ်လိုနေထိုင်တယ်။ ဘာလိုစာကြိုးစားတယ်။ ဘယ်လိုနိုင်ငံရေးကို လုပ်တယ်။ ဘယ်လို လူငယ်ဘဝကိုဖြတ်သန်းတယ်။ ဘယ်လို အသက်ပေးခဲ့တယ်။ ဒါတွေ ကလေးတွေ၊ လူငယ်တွေ သိရမယ်။ အားကျအောင်လှုံ့ဆော်ပေးရမယ်။ သမိုင်းအမှန်ကို ထင်ဟပ်ပြရမယ်။ သမိုင်းအမှားတွေနဲ့ ဗိုလ်ချုပ်ကိုပုံမဖျက်ရဘူး။ ပုံဖျက်နေသူတွေ သမိုင်းအမှားရေးနေသူတွေကိုဖော်ထုတ်ဆန့်ကျင်ရမယ်။ ဗိုလ်ချုပ်ကောင်းတာတွေချည်းပဲရေးခိုင်းတာ မဟုတ်ဘူး။ ဗိုလ်ချုပ်မှန်တာတွေ (အဖြစ်မှန်တွေကို) ရေးကြစေလိုတယ်။

ဒါ့ပြင် ဗိုလ်ချုပ်မွေးနေ့ရဲ့သမိုင်းဝင်နေ့ကို ပြန်လည်တမ်းတတဲ့နေ့ (Memorial Day) အဖြစ် ကျင်းပရမယ်။ ဗိုလ်ချုပ်အသက် ၃၂ နှစ်အတွင်း

mgyoe.com

mgyoe.com


ဖြတ်သန်းခဲ့ရတဲ့ သမိုင်းဝင်မှတ်တိုင်တွေကို ချပြပေးရမယ်။ အသိပေးရမယ်။ ဖြန့်ဝေရမယ်။

(၁၉၁၅) ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်စနေနေ့မှာ မွေးဖွားတယ်။ မိဘနှစ်ပါးက ဦးဖာနဲ့ဒေါ်စုဖြစ်တယ်။ ဒါတွေနဲ့ ဗိုလ်ချုပ်မွေးနေ့ရဲ့ မှတ်တိုင်အဖြစ် ကျေနပ်နေလို့မရဘူး။ ဗိုလ်ချုပ်ရဲ့ နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ် ဗိုလ်ချုပ်ရဲ့ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံစိတ်ဓာတ်။ နိုင်ငံအတွက်စွန့်လွှတ် စွန့်စားစိတ်ဓာတ်၊ ရဲဘော် ဗိုလ်ကြီးမခွဲခြားတဲ့စိတ်ရင်း၊ လမ်းပေါ်မှာပြည်သူတွေဆင်းရဲနေတာကို တာဝန်ယူစိတ်ရှိတဲ့ ဗိုလ်ချုပ်။ စာနာတတ်တဲ့ နှလုံးသားပိုင်ဆိုင်တဲ့ ဗိုလ်ချုပ် စတဲ့ဗိုလ်ချုပ်စိတ်ဓာတ်၊ စိတ်ရင်းတွေကိုပြည်သူတွေထံချပြ မျှဝေပေးကြရမယ်။

ဗိုလ်ချုပ်ဟာ ဘာကြောင့် လူထုခေါင်းဆောင်၊ အမျိုးသား ခေါင်းဆောင် ဖြစ်လာရတာလဲ။ အသက် ၃၂ နှစ်သာ လူ့ဘဝမှာ နေခွင့်ရတဲ့ ဗိုလ်ချုပ်ရဲ့ဘဝ၊ အသက်၊ လုပ်ပိုင်ခွင့်၊ စည်းစိမ်ခံစားခွင့်တို့ကို စွန့်လွှတ်ပြီး နေထိုင်ရန်းကန် အဆုံးသတ်ရတဲ့မှတ်တိုင်တွေကို ပြည်သူတွေသိဖို့လိုတယ်။

အခြေခံပညာကျောင်းသားဘဝ။ ။ လေးတန်းမှ ငါးတန်းကို ကျော်တက်ပြီး ခြောက်တန်းကို တက်ခွင့်ရတယ်။ ၇ တန်းမှာ အစိုးရပညာသင်ဆုနဲ့ ဦးရွှေခိုဆုတွေရတယ်။ ၁၀ တန်းမှာ ပါဠိမြန်မာစာဂုဏ်ထူးနဲ့အောင်မြင်တယ်။ ဒါတွေက ငယ်စဉ်ကတည်းက စာတော်နေတာကို ပြသနေတာပဲ။ ကလေးတွေ၊ လူငယ်တွေအားကျရမယ့် ဗိုလ်ချုပ်ရဲ့ကြိုးစားမှုတွေပဲ။

အယ်ဒီတာဘဝ။ ။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂအသင်းမှ ထုတ်ဝေတဲ့ အိုးဝေမဂ္ဂဇင်းမှာ ယမမင်း (ညီပြုံ) ရေးသားတဲ့ "ငရဲခွေးကြီး လွှတ်နေပြီ" ဆောင်းပါးနဲ့ပတ်သက်၍ တက္ကသိုလ်အာဏာပိုင်တို့က ဆောင်းပါးရေးသူကို ဖော်ထုတ်ပေးရန် တောင်းဆိုခဲ့တယ်။ အယ်ဒီတာကိုအောင်ဆန်း(ဗိုလ်ချုပ်)ကလက်မခံခဲ့ဘူး။ ယနေ့ခေတ် လူငယ်တွေ အတုယူရမယ့် ဗိုလ်ချုပ်ရဲ့လုပ်ရပ်ဖြစ်တယ်။

တက္ကသိုလ်ကျောင်းသားဘဝ။ ။ ၁၉၃၄ ခုနှစ်မှာ ဉပစာ ဝိဇ္ဇာပထမနှစ်ကို ရန်ကုန်ယူနီဗာစီတီကောလိပ်မှာ တက်ရောက်သင်ကြားတယ်။ ၁၉၃၅ ခုနှစ်မှာ ဉပစာဝိဇ္ဇာဒုတိယနှစ်ကို အောင်တယ်။ ဝိဇ္ဇာပထမနှစ်ကို

mgyoe.com

mgyoe.com


ဆက်တက်တယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသား သမဂ္ဂအမှုဆောင်အဖြစ် အရွေးခံရတယ်။ ၁၉၃၇ ခုနှစ်မှာ ဝိဇ္ဇာ (BA)ဘွဲ့ရရှိခဲ့တယ်။ ဗိုလ်ချုပ်ဟာ ပညာ သင်ကြားရင်းနိုင်ငံလွတ်လပ်ရေးအတွက် နိုင်ငံရေးကိုလည်း အားကြိုး မာန်တက် လုပ်ဆောင်ခဲ့တယ်။ တို့ဗမာအစည်းအရုံးဝင်တယ်။ ရွေးကောက်ခံ အထွေအထွေ အတွင်းရေးမှူးဖြစ်လာတယ်။ ကျောင်းသားနဲ့ နိုင်ငံရေးဟာ ခွဲခြားလို့ မရဘူးဆိုတာကို ဗိုလ်ချုပ်က လက်တွေ့ လုပ်ပြခဲ့တယ်။ တက္ကသိုလ် ကျောင်းသားများ အတုယူဖို့ဖြစ်တယ်။

**နိုင်ငံရေးသမားဘဝ။** ။၁၉၃၈ ခုနှစ်မှာ ဗိုလ်ချုပ်ဟာ မြန်မာ့ လွတ် လပ်ရေးအတွက် အချိန်ပြည့်လုပ်ရှားဖို့ တက်လက်စ ဥပဒေသင်တန်းက နုတ်ထွက်လိုက်တယ်။ ၁၉၄၀ ခုနှစ်မှာ သခင်လှမြိုင်နဲ့ ဗိုလ်ချုပ်တို့ရုပ်ဖျက်ပြီး ဟိုင်လီသင်္ဘောနဲ့တရုတ်ပြည်ကို ထွက်ခဲ့တယ်။ "မြန်မာပြည်လွတ်လပ်ရေး စာတမ်း" ကို ဗိုလ်ချုပ်ကိုယ်တိုင် ရေးသားတင်သွင်းခဲ့တယ်။ ထို့နောက် ရဲဘော်သုံးကျိပ်တို့ ဂျပန်နိုင်ငံမှာ ပင်ပန်းကြီးစွာ အဆင်းရဲခံပြီး စစ်ပညာ သင်ယူကြတယ်။ ၁၉၄၂ ခုနှစ်တွင် ဘန်ကောက်မှတစ်ဆင့် ထားဝယ် စစ်ကြောင်း စတင်ချီတက်လာတယ်။ ထိုသို့တစ်စတစ်စနဲ့ ဂျပန်တွေဟာ အင်္ဂလိပ်တွေကို ဗိုလ်ချုပ်တို့နဲ့ပူးပေါင်းဖယ်ရှားခဲ့ကြတယ်။ ၁၉၄၃ ဩဂုတ်လ ၁ ရက်နေ့မှာ ဂျပန်စစ်တပ်၏သေနာပတိချုပ်ဒုတိယဗိုလ်ချုပ်ကြီး ကာဝါဘီ က လက်ရှိစစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းလိုက်ကြောင်း၊ ယခုအချိန်မှစ၍ မြန်မာ နိုင်ငံလွတ်လပ်ရေးရပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့တယ်။ အဲဒီလွတ်လပ် ရေးဟာ တကယ်တော့ လွတ်လပ်ရေးအတုသာ ဖြစ်တယ်ဆိုတာ နောက် များမှ သိလိုက်ကြရတယ်။ ဗိုလ်ချုပ်ဟာ ဒီအတုအယောင်လွတ်လပ်ရေး ယူပေးပြီး ငါ တာဝန်ကျေပြီလို့ပြောပြီး ရှောင်မထွက်သွားဘူး။ အမှန်တကယ် လွတ်လပ်ရေး မရမချင်း ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် ၁၉၄၄ ခုနှစ်မှာ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်းနဲ့ ဗိုလ်ချုပ်တို့ လျှို့ဝှက်စွာ တွေ့ဆုံပြီး "ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်" (ဖတပ) (Anti Fascist Organization. A.F.O)ကို ဖွဲ့စည်းကြတယ်။ ဆွေးနွေးပွဲမှ ဖက် ဆစ်ဂျပန်တို့ကို တော်လှန်ရန် ဆုံးဖြတ်ခဲ့ကြတယ်။

ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်၏ ကြေညာချက်အမှတ် (၁)

mgyoe.com

mgyoe.com


အဖြစ် ဗိုလ်ချုပ်ကြိုတင်ရေးသားထားတဲ့ "နယ်ချဲ့ဖက်ဆစ်ဓားပြ ဂျပန်လူရိုင်းများကို မောင်းထုတ်" ဟူသော ကြေညာချက် အများသဘောတူကြတယ်။ ထိုသို့ ဂျပန်ကိုတိုက်ထုတ်ရန် ဗိုလ်ချုပ်တို့အဘက်ဘက်မှ ပြင်ဆင်ခဲ့ကြတယ်။ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်မှာ ရွှေတိဂုံစေတီတော် အနောက်ဘက် ဘောင်ဒရီလမ်း (ဓမ္မစေတီလမ်း) နဲ့ ဦးဝိစာရလမ်းထောင့်ရှိ ဂေါ့ဖ်ကစားကွင်း (တော်လှန်ရေးပန်းခြံ) တွင် ဗမာ့တပ်မတော်စစ်ရေးပြပွဲ အခမ်းအနားတစ်ရပ် ကျင်းပတယ်။ အဲဒီအခမ်းအနားမှာ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း ပြောကြားခဲ့တယ်။ "ရဲဘော်တို့ အကျယ်ချဲ့ပြီး ရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ အခု စစ်မြေပြင်ကို ထွက်ရမယ်။ ...... ဗမာ့ရန်သူကို ချေမှုန်းကြ။ အနီးကပ်ဆုံးရန်သူကို ရှာတိုက်ကြ" လို့ မိန့်ကြားခဲ့တယ်။ ဒီလိုနဲ့ မတ်လ ၂၇ ရက်နေ့မှာ ဂျပန်တွေကို တော်လှန်လိုက်ကြတယ်။ ဂျပန်ထွက်သွားတော့ ပြန်ဝင်လာတဲ့ အင်္ဂလိပ်တွေထံမှတရားဝင်လွတ်လပ်ရေးရဖို့ ဥပဒေကြောင်းအရ လှုပ်ရှားကြိုးပမ်းရပြန်တယ်။ ဒီလို နေ့မနား၊ ညမအားကြိုးပမ်းနေရတဲ့ ဗိုလ်ချုပ်ခမျာ သူ့ကိုယ်သူလုံခြုံရေးအတွက် မဆောင်ရွက်နိုင်ခဲ့ဘူး။ အဲဒီအားနည်းချက်ကို အခွင့်အရေးယူခဲ့တဲ့ သစ္စာဖောက်တွေကြောင့် ဗိုလ်ချုပ်ခမျာ အသက်ပေးလိုက်ရတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ကြောင့် လွတ်လပ်ရေးကတော့ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ ရခဲ့ပါပြီ။

၃၂ နှစ်ထဲ အသက်ရှင်ခဲ့ရတဲ့ ဗိုလ်ချုပ်ခမျာ အသက်မရှိတော့တဲ့ အချိန်မှာမှ ကျင်းပရတဲ့မွေးနေ့တွေကို Happy Birthday လို့ ကျင်းပကြမယ့်အစား ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေမွေးကြဖို့ ကလေးများနေ့အဖြစ် သတ်မှတ်ပြီး နိုင်ငံတော်အစိုးရရော၊ ပြည်သူများအားလုံးပါ ကလေးတိုင်းကို အမိပ္ပာယ်ပြည့်ဝတဲ့ရည်ရွယ်ချက်များနဲ့ ကျင်းပကြဖို့တိုက်တွန်းအပ်ပါတယ်။

ဗိုလ်ချုပ်မွေးနေ့ကို ရောက်လာတိုင်း ပျော်ရွှင်ရမယ့်အစား ဝမ်းနည်းနေမိတာတော့ မတတ်နိုင်ပါဘူး။ မွေးနေ့မှ သည်နှစ်ပေါင်း တစ်ရာ့နှစ်ဆယ် ရှည်စေသော်လို့ ဆုတောင်းပေးချင်ပေမယ့်....

**Daily Eleven**

၁၃-၂-၁၆

❑

mgyoe.com

mgyoe.com

## ကလေးအတွေး ကလေးစာပေ

**ကလေး**

မွေးကင်းစအရွယ်မှစတင်ကာ သုံး၊ လေးနှစ်ခန့်အထိကို ကလေး (Infant) လို့ ယေဘုယျခေါ်ဝေါ်ကြတယ်။ ဉမမည် စာမမြောက်တဲ့ အရွယ်ပေါ့။ ခံစားချက် (feeling) ရှိကြပေမယ့် အဲဒီခံစားချက်ကို ဖော်ပြနိုင်စွမ်း မရှိသေးဘူး။ ငိုခြင်းတစ်ခုကိုသာ ဘာသာစကားတစ်ခုအနေနဲ့ သုံးနိုင်ရှာတယ်။ နာရင်ငိုမယ်။ ဗိုက်ဆာရင်ငိုမယ်။ အိပ်ချင်ရင် ငိုမယ်။ အလိုမကျရင် ငိုမယ်။ ငိုခြင်းသည်သာ ကလေးငယ်ရဲ့ တစ်ခုတည်းသော ဘာသာစကားပဲ။ ငိုတာကို နားမငြီးကြဖို့လိုတယ်။ လက်ခံတတ်ဖို့ လိုတယ်။

မိဘနှစ်ပါး၊ အထူးသဖြင့်မိခင်ဟာ ကလေးရဲ့ငိုခြင်းကို မှန်ကန်စွာ ဘာသာပြန်ကောက်ချက်ချတတ်ဖို့ အရေးကြီးတယ်။ ဗိုက်နာလို့ ငိုနေတဲ့ ကလေးကို နို့အတင်းဖိတိုက်နေလို့ မရဘူး။ နေမကောင်းလို့ နှာခေါင်း၊ ပိတ်နေတဲ့ကလေးခမျာ ပါးစပ်နဲ့အသက်ရှူနေရတယ်။ ဒီအချိန်မှာ ပါးစပ်ထဲ နို့သီးခေါင်းထိုးထည့်ပြီး နို့တိုက်တာဟာ ကလေးအတွက် ဘယ်လောက် အနေရခက်လိုက်မလဲ။ ပိုငိုရုံမှတစ်ပါး ကလေးခမျာလည်း ဘာမှ မတတ်နိုင်ဘူး။ ငိုတိုင်း နို့ဆာတာ မဟုတ်ဘူး။ နို့ဆာရင်တော့ ငိုလိမ့်မယ်။

ကလေးကိုပြုစုတဲ့ မိခင်ဟာကလေးကို ကောင်းစွာ နားလည်ဖို့ လိုအပ်တယ်။ အတွေ့အကြုံရှိတဲ့ အဒေါ်၊ အမေ စသည်တို့ရဲ့အကူအညီကို ရယူသင့်တယ်။ စကားမပြောတတ်သေးတဲ့ ကလေးကို အမူအရာ၊ အဖြစ်အပျက် ကြည့်ပြီး မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ဖို့ဟာ အတွေ့အကြုံက ရေးကြီးတယ်။

ကလေးတိုင်းဟာ ယေဘုယျအားဖြင့် ကူညီတယ်ဆိုသော်လည်း

mgyoe.com

mgyoe.com


မျိုးရိုးဗီဇ၊ အရ မတူညီတာတွေလည်း ရှိနေတယ်။ မွေးကတည်းက အေးဆေးပြီး အငိုနည်းတဲ့ကလေးရှိနိုင်တယ်။ မွေးကတည်းက အသံပြဲကြီးနဲ့ အော်ငိုတတ်၊ စိတ်တိုတတ်တဲ့ ကလေးရှိတယ်။ အနေအေးတဲ့ ကလေးမို့လို့ ပစ်မထားသင့်ဘူး။

ဆိုရသော်ကလေးအကြောင်းကို သိဖို့ဆိုတာ စနစ်တကျလေ့လာမှ၊ သို့မဟုတ် အတွေ့အကြုံရှိပါမှ သိနိုင်တယ်။ တစ်နည်းပြောရရင် ကလေးနဲ့ ပတ်သက်တဲ့ကလေးစိတ်ပညာ (Child Psychology) ကို တီးမိခေါက်မိဖို့ လိုတယ်။ ပညာရပ်သဘောအရ မသိသေးသော်လည်း မိဘဘိုးဘွား ဆွေမျိုးတွေထံမှ အတွေ့အကြုံများကို လေ့လာသင်ယူခြင်းဖြင့် ကလေးအကြောင်း သိဖို့ကြိုးစားကြရမယ်။ တကယ်တော့ ကလေးဆိုတာ စကားမပြောတတ်သေးပေမယ့် ခံစားချက်အသိ အချို့ရှိနေပြီ။ ဒါကြောင့် ကလေးကို သေသေချာချာ နားလည်ဖို့ လူကြီးတွေမှာလိုအပ်နေသေးကြောင်း သတိပြုမိစေလိုပါတယ်။

ကလေးစာပေ

ကလေးတစ်ယောက် စာစဖတ်တတ်တဲ့အရွယ်က သုံးနှစ်လောက်က စမယ် ထင်တယ်။ မူကြိုနေ့ကလေးထိန်း (Nursery) ကျောင်းတွေကို နှစ်နှစ်ခွဲသုံးနှစ်အရွယ်ဆို စလက်ခံနေကြပြီ။ မူကြိုကျောင်းရောက်ပြီး တစ်ပတ်လောက်ကြာတာနဲ့ good morning "မင်္ဂလာပါဆရာမ"အေ၊ ဘီ၊ စီ၊ ဒီ။ ကကြီး၊ ခခွေးစတဲ့စာသားတွေ နှုတ်တိုက်ရွတ်ဆိုနိုင်ကြပြီ။

နောက်တော့ အေ–အက်ပ်လ်၊ ဘီ–ဘော၊ ဆိုတဲ့ အသံထွက်နဲ့ ရုပ်တွေတွဲရွတ်တတ်လာတယ်။ က–ကလေးငယ်ချစ်စဖွယ်။ ခ–ခရေကုံးမလေးပြုံး စတာတွေကို အရုပ်နဲ့တွဲပြီး အက္ခရာသုံးဆယ့်သုံးလုံးကို ရွတ်ဆိုစေတယ်။

ဒါတွေဟာ ကလေးစာပေအစလို့ပဲ ဆိုရမယ်။ ကလေးစာပေ အစဟာ ရွတ်ဆိုခြင်း (Recitation)၊ ရုပ်ပုံ (picture) ကြည့်ရှုခြင်း၊ ကိုယ်ဟန် အနေအထား (gesture) နဲ့ မှတ်သားခြင်း၊ သံစဉ်ကဗျာ (Rhyme)၊ သီချင်း (song) တို့ကို သီဆိုခြင်း စတဲ့ နည်းလမ်းအသွယ်သွယ်နဲ့ ကလေးတွေဟာ စာဖတ်ခြင်း အတတ်ပညာကို အစပျိုးလာကြတယ်။

mgyoe.com

mgyoe.com


ဆိုတော့ ကလေးစိတ်ပညာရယ်၊ ကလေးရဲ့ရုပ်ပိုင်းဆိုင်ရာသင်ကြား တတ်မြောက်နိုင်မှုရယ် နှစ်မျိုးစလုံးကို ထည့်သွင်းစဉ်းစားပြီးမှ ကလေး စာပေကို ရေးသားသင့်တယ်လို့ ထင်မြင်ယူဆမိတယ်။

စာပေဟာကျယ်ပြန့်တဲ့ သဘောသဘာဝရှိတယ်။ ကျွန်တော်တို့ လိုက်မမီပါ။ စိတ်ကူးချိုချိုစာပေတိုက်က ထုတ်ဝေတဲ့ ဆရာဇော်ဂျီ၏ စာရှုခင်း (၁)၊ (၂)၊ (၃)၊ (၄) တို့ကို ဖတ်ရှုမိတဲ့အခါမှာ စာတစ်ပုဒ်ရေးဖို့ တွန့်ဆုတ်လာတယ်။ အနှစ်မရှိတဲ့စာပေဟာ အပြစ်ရှိတဲ့စာပေလို့ ယူဆမိလာ တယ်။ ရေးသူက ရေးရဲတာကို အံ့ဩမိတယ်။

ခုလည်း ကလေး စာပေဆိုတာဟာ ကလေးအတွက် ရေးတာမို့ လွယ် မယ် မထင်လိုက်ပါနဲ့။ အခြားစာပေထက် မလျော့လောက်အောင် ခက်ခဲပါ တယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ ပိုမိုခက်ခဲပေတယ်။ သည်တော့ မြန်မာ နိုင်ငံမှာ ထွက်ပေါ်လာတဲ့ ကလေးစာပေဟာ ကလေးတွေကို အမှန်တကယ် ဦးမတည်နိုင်ဘူး။

လတ်တလော ထွက်ရှိနေသော ကလေးစာပေဟု ဆိုအပ်သော စာပေ များမှာ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်။ ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထုများကိုကလေး များအတွက် ရည်ရွယ်ထုတ်ဝေကြတာကို တွေ့ရတယ်။ ထိုစာပေများက မူလရှိပြီးသား ဇာတ် (ဝတ္ထု) များကို ကလေးဖတ်ရလွယ်ကူအောင် ပြုပြင် ရေးသားထားတာ ဖြစ်တယ်။ ကလေးအတွေး၊ ကလေးအမြင် စစ်စစ်များ မဟုတ်ဘူး။

မြတ်စွာဘုရားဟောကြားခဲ့တဲ့ လောကနီတိတွေဟာ လူသားအားလုံး အတွက်ဖြစ်တယ်။ ကလေးတွေအတွက် မဟုတ်ဘူး။ ပုထုဇဉ်လူသား အားလုံး အယုတ်အလတ်အမြတ် မရွေးအတွက် မိန့်မြွက်ဟောကြားခဲ့တာ။ ကလေးအတွေးနဲ့ ဉာဏ်မီပါ့မလား။ ကလေးအတွေးက ဘာလဲ။

## ကလေးအတွေး

ကလေးအတွေးဟာ လူကြီးအတွေးနဲ့ မတူနိုင်ဘူး။ လူကြီးရေးတဲ့ စာဖြစ်ပေမယ့် ကလေးအတွေးနဲ့ ရေးရမယ်။ ကလေးလို တွေးရမယ်။ ဝါကျ အဖွဲ့အနွဲ့ပြောင်းရုံ၊ wording ပြောင်းရုံနဲ့ ကလေးစာပေ ဖြစ်မလာနိုင်ဘူး။

mgyoe.com

mgyoe.com


စာဖတ်သူတိုင်းဟာ စာ (ဇာတ်) ထဲက ဇာတ်လိုက်နေရာ ဖြစ်ချင်ကြတယ်။ ဒါကြောင့် ကလေးစာပေရဲ့ဇာတ်လမ်းတိုင်းရဲ့ ဇာတ်လိုက်ဟာ ကလေးအရွယ် ဖြစ်နိုင်ရင် ပိုကောင်းမှာ။

ကလေးအတွေးဟာ ပါဝါရိန်းဂျားလိုအတွေးမျိုးလည်း ဖြစ်နိုင်တယ်။ စူပါမင်းလိုလည်းဖြစ်နိုင်တယ်။ စပိုက်ဒါမင်းလိုလည်း ဖြစ်နိုင်တယ်။ ငလက်မလိုလည်း ဖြစ်နိုင်တယ်။ မဟော်သဓာလိုလည်း ဖြစ်နိုင်တယ်။ ကလေးအတွေးဟာ လူကြီးအတွေးနဲ့ မတူနိုင်ဘူး။

ကလေးအတွေးဟာ ကျိုးကြောင်းဆီလျော်မှု ရှိချင်မှရှိမယ်။ အမှန် အမှားခွဲခြားချင်မှ ခွဲခြားနိုင်မယ်။ လူကြီးတွေ ဖြစ်စေချင်သလို ကလေး တစ်ယောက် ဖြစ်ချင်မှဖြစ်နိုင်မယ်။ ဒါပေမဲ့ ကလေးအတွေးဟာ ဖြူစင် တယ်။ ရိုးသားတယ်။ မှားတာ၊ မှန်တာထက် သူ လုပ်ချင်တာလုပ်ဖို့ အတွေးပဲ ရှိတယ်။ ပရဟိတ–သူ့အကျိုး၊ အတ္တဟိတ–ကိုယ့်အကျိုး ဆို တာတွေ နားမလည်သေးဘူး။ အဲဒီလို နားမလည်သေးတာက လူကြီးတွေ လိုအတ္တအကြောင်း မသိသေးလို့၊ အတ္တစိတ်မပေါ်သေးလို့ပဲ။

ကျွန်တော်ငယ်စဉ်က။ အမေ ဝယ်ခိုင်းတဲ့ကွမ်းနဲ့ ကွမ်းသီးဝယ်ပြီး အပြန်၊ လမ်းမှာ ကျွန်တော်တို့နှစ်အိမ်ကျော်က အဒေါ် ဒေါ်မြနှစ်နဲ့ တွေ့ တယ်။ သူ့ခမျာ ဈေးဆွဲခြင်းတောင်းအပြင်၊ ငှက်ပျောသီး၊ အုန်းသီးတွေနဲ့ မနိုင်မနင်းဖြစ်နေတယ်။ ကျွန်တော် အဒေါ်ကို ကူညီဖို့ အနားရောက်သွား တယ်။"အဒေါ် ကျွန်တော့်ကို ငှက်ပျောသီးတွေ ပေး။ ကျွန်တော် ကူသယ် ပေးမယ်လေ။"ဒါပေမဲ့ အဒေါ်က ကျွန်တော့်ကို နားမလည်သလို ခပ် တွေတွေ တစ်ချက်ကြည့်လိုက်တယ်။ ဘာဖြစ်လို့သူကြည့်မှန်း ကျွန်တော် နားမလည်ဘူး။

ဒီလိုနဲ့ငှက်ပျောသီးတွေဆွဲပြီး ကျွန်တော့်အိမ်ကို ကျော်ကာ အဒေါ်ကြီး ကို လိုက်ပို့ပေးလိုက်တယ်။ အိမ်ပြန်ရောက်တော့ အမေမှာတဲ့ ကွမ်းရွက်နဲ့ ကွမ်းသီးထုပ်ကို လှမ်းပေးလိုက်တယ်။

"နင် ဘာလုပ်တာလဲ" မျက်နှာထိမျက်နှာထားနဲ့ အမေက မေးတယ်။ "အမေပဲ ကွမ်းရွက်နဲ့ ကွမ်းသီးဝယ်ခဲ့ဆို။" "ဟဲ့ငါ အဲဒါပြောတာ မဟုတ်ဘူး။ ဟိုမမြနှစ်ငှက်ပျောသီးကို နင်က ဘာလုပ်ဖို့ ဆွဲပေးတာလဲ။" "ဟာ... အမေ

mgyoe.com

mgyoe.com


ကလည်း အခေါက မနိုင်မနင်းဖြစ်နေတာကိုဗျ။ ဒါကြောင့် သားနိုင်သလောက် ဝင်သယ်ပေးတာပေါ့။" "ဪ နင်က သူတော်ကောင်းကြီးပေါ့။ အဲဒီ မဖြုန့်စ်နဲ့ ငါနဲ့ မခေါ်တာ နင် မသိဘူးလား" "သိပါတယ် အမေရ" "သိရင် ဘာလို့ ဒီဟာမကို သွားကူညီတာနေတာလဲ။" "ဟာ အမေက လဲ။" ကျွန်တော် ဘာမှ ပြန်မပြောတတ်။ လူကြီးလို ကျွန်တော် မတွေးတတ်။

ဒီနေရာမှာ ကလေးအတွေးက ရှင်းတယ်။ မနိုင်တဲ့ဝန်ကို ထမ်းလာတာတွေ့လို့ ဝင်ကူပေးတယ်။ မခေါ်မပြောတာတွေ၊ အငြိုးအတေးတွေ မရှိဘူး။ သူတို့လူကြီးချင်း စကားမပြောပေမယ့် ကျွန်တော်တို့ကလေးချင်း ဆော့တယ်။ ကလေးချင်းရန်ဖြစ်လည်း ခဏပဲ။ သူက စခေါ်ခေါ်၊ ကိုယ်က စခေါ်ခေါ်ပြန်ခေါ်ပြီး ပြန်အတူကစားပြီးပြန်ပျော်ရဖို့ပဲ။ အောက်ကျတယ်။ မာနထိခိုက်တယ်။ သိက္ခာကျတယ်ဆိုတာ မရှိဘူး။

ဆိုလိုချင်တာက ကလေးစာပေကိုကလေးအတွေးနဲ့ ရေးဖို့ဖြစ်တယ်။ ကလေးအတွေးကို အစားဝင်ရောက်တွေးနိုင်ဖို့က ကလေးတွေကို သိဖို့ လိုတယ်။ ကလေးကို သိဖို့က ကလေးစိတ်ပညာကို အထိုက်အလျောက် နားလည်ဖို့ လိုတယ်။ ပညာရပ်ကို ပညာရှင်တစ်ယောက်လို နှံ့ကျွမ်းချွတ်ချွတ်သိဖို့ မလိုပေမယ့် တီးမိခေါက်မိရှိဖို့တော့ လိုအပ်တယ်။

ဒါ့အပြင် ကလေးစာပေဟာ ပညာပေးစာပေ။ ဆုံးမစာပေ၊ ဩဝါဒစာပေတွေ မဖြစ်ဖို့ဂရုပြုစေလိုတယ်။ လူကြီးတွေက ကလေးတွေတွေ့ရင် ဆုံးမလိုက်ရမှ၊ ဩဝါဒမိန့်ခွန်းလိုက်ရမှ၊ လူကြီးပီသတယ်ထင်နေကြဟန်တူရဲ့။

စင်စစ်ကလေးအတွေးကို ကလေးနဲ့အတူ လိုက်တွေးပေးသင့်တယ်။ ကလေးဆန္ဒကို တတ်နိုင်သရွေ့ဖြည့်ဆည်းပေးတဲ့စာပေမျိုး ဖြစ်တယ်။ စနိုးဝိုက်နဲ့လူပုလေးခုနစ်ယောက်ပုံပြင်၊ စင်ဒရဲလားပုံပြင်၊ အီဆွတ်ပုံပြင်၊ အန်ဒါဆင်းနဲ့ နတ်သမီးပုံပြင်။ ယနေ့ထိ မရိုးနိုင်တဲ့ ပုံပြင်တွေဖြစ်တယ်။ အဲဒီပုံပြင်တွေမှာ ပြောပြသူဆရာရဲ့ဆွဲဆောင်ချက်သင်ခန်းစာတွေ ပါကောင်းပါနိုင်တယ်။ မူရင်းပုံပြင်က ကလေးတွေအတွေးကို ပုံဖော်ပေးရုံပဲ ရေးဖွဲ့ခဲ့တာ။ ကလေးတွေက ဒီပုံပြင်ကို ကြိုက်လာတဲ့ အခါကျမှ ထပ်ခါတလဲလဲ

mgyoe.com

mgyoe.com


နားထောင် (ဖတ်) ရာမှ ကလေး ဘာသာအတွေးတွေ ပေါ်လာစေတာ။ လူကြီးတွေက အတင်းဝင်ပြီး ဆရာလုပ်ပြီး သင်ခန်းစာ ယူခိုင်းစရာမလိုဘူး။

ကလေးစာပေဟာ ကလေးအတွက်သာ ရည်ရွယ်ပြီး ရေးစေလိုတယ်။ ယခင်ကလို ဆိုရှယ်လစ် လုပ်သားကောင်းဖြစ်ပေါ်လာရေး နိုင်ငံသားကောင်း ဖြစ်ထွန်းလာရေး။ လူကောင်းလူတော် ဖြစ်ပေါ်လာရေး စတဲ့ကြီးမားတဲ့ ရည်ရွယ်ချက်တွေကို ကလေးစာပေထဲ ပြွတ်သိပ်ထည့်ပေးလိုက်ရင် ကလေး စာပေဟာပျက်စီးသွားမှာ ဖြစ်တယ်။ စာဖတ်ချင်စိတ်ပျက်သွားမှာ။

ကလေးစာပေရဲ့ အဓိကရည်ရွယ်ချက်က ကလေးအရွယ်မှစကာ စာဖတ်တဲ့ အလေ့အကျင့်များများရသွားဖို့ဖြစ်တယ်။ အတွေ့အကြုံအရ စာများများဖတ်လာရာမှ စာကို ရွေးချယ်ဖတ်တတ်လာတာဟာ အလို အလျောက်ဖြစ်ပေါ်လာတတ်တယ်။ ယနေ့စာဖတ်နေသူတွေဟာ မိမိဘာသာ စာရွေးဖတ်လာကြတာဖြစ်တယ်။

နိုင်ငံတော်သမ္မတဦးထင်ကျော်က နိုဝင်ဘာ ၅ ရက်၊ နေပြည်တော် MICC–၂ မှာ ပြုလုပ်တဲ့ ကလေးစာပေပွဲတော်ကို တက်ရောက်ခဲ့တယ်။ မူးယစ်ဆေးဝါးအန္တရာယ်ကို ကလေးများ သတိထားမိစေသည့် စာပေမျိုး ဖြစ်စေလိုကြောင်းပြောကြားခဲ့တယ်။ ဒါကလည်း နုနယ်တဲ့ကလေးတွေ အတွက်သတိကြီးစွာ ထားရမယ့်အချက်ဖြစ်တယ်။

ခုလို ကလေးစာပေကို တခမ်းတနားကျင်းပတာ၊ နိုင်ငံတော် သမ္မတ ကြီးကိုယ်တိုင် စိတ်ဝင်တစား လာရောက်ကြည့်ရှုတာဟာ ကလေးတွေ အတွက်ရော၊ စာပေအတွက်ပါ အားတက်စရာပါ။ ထို့အတူ ကလေးစာပေ ရေးသားသူများ ကိုယ်တိုင်လည်း ပေါ့ပေါ့ဆဆမရေးတော့ဘဲ တာဝန်တစ်ရပ် အနေနဲ့ရေးဖို့ အသိဝင်လာစေပါတယ်။

ဒါကြောင့် ကလေးစာပေကို ကလေးအတွေးနဲ့ လိုက်လျောညီထွေ ရှိစေပြီး၊ ခေတ်ကိုလည်း သတိပြုရမယ့် ကလေးအတွက် သီးသီးသန့်သန့် ရေးဖွဲ့သော စာပေများ ရေးသားသင့်ပါကြောင်း။

❑

mgyoe.com

mgyoe.com

## လူငယ်၏ ဘ၀အစနှင့် အလှအပ

**ဘ၀အစ**

လူငယ်ဆိုတဲ့ (၁၃) နှစ်အရွယ်ရောက်ဖို့ ကလေးအရွယ် (child) က စကြရတယ်။ (၁၂) နှစ်အရွယ်အထိက ကလေးကိုယ်ခန္ဓာ၊ ကလေးစိတ်နဲ့ ကလေးဘ၀ (childhoood) ကို ဖြတ်သန်းရတယ်။ လူငယ်အရွယ်လို့ သတ်မှတ်တာက ရာသီဥတု၊ ရေမြေသဘာဝပေါ်မူတည်ပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးမှု အနည်းငယ်စီ ခြားနားကြတယ်။ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုဟာ ယောကျ်ားလေးက သိပ်သိသိသာသာ မပြောင်းလဲပေမဲ့ မိန်းကလေးက သိသိသာသာ ပြောင်းလဲလာတယ်။ ယောကျ်ားလေးတွေက သိပ်သိသိသာသာ မပြောင်းလဲဘူး။ ဒီအချိန်မှာ မိန်းကလေးတွေက အလှပြင်စပြုလာတယ်။ စနစ်တကျပြင်တတ်ကြသေးတာ မဟုတ်ဘူး။

ဒီလို ကိုယ်ခန္ဓာပြောင်းလဲလာတာဟာ လူငယ်တစ်ယောက်အတွက် စိတ်လှုပ်ရှားစရာ၊ စိုးရိမ်စရာအဖြစ် ခံစားတတ်ကြတယ်။ ကိုယ်ခန္ဓာအပြောင်းအလဲကြောင့် ကိုယ့်ကိုယ်ကိုယ်ပြန်သတိပြုမိလာတယ်။ အလှအပနဲ့ ကိုယ်ခန္ဓာပြောင်းလဲမှုနဲ့ ဆက်စပ် တွေးတတ်လာတယ်။ အချို့မိဘရဲ့ အားနည်းချက်ကြောင့် ပထမဆုံး အာဝေဏိကဒုက္ခကို ရင်ဆိုင်ရတဲ့အခါ ဗဟုသုတမရှိတဲ့ မိန်းကလေးတွေ အတော်စိတ်ဒုက္ခရောက်ကြတယ်။ လူငယ်ယောကျ်ားလေးမှာလည်း အထိုက်အလျောက် ဒုက္ခရှိတာပဲ။ ဒါကြောင့်

mgyoe.com

mgyoe.com

လူငယ်တစ်ယောက်ရဲ့ လူငယ်ဘ၀အစဟာ ရင်ခုန်စရာကောင်းနေတာ ဖြစ်တယ်။

လူငယ်ဘ၀အစကို လူမှုရေးရှုထောင့်၊ ကျန်းမာရေးရှုထောင့်၊ စိတ်ပညာရှုထောင့်ကနေ ထောင့်စုံစဉ်းစားပြီး လူငယ်တွေကို အားပေးကူညီပညာပေးသင့်တယ်။ အတွေ့အကြုံရှိပြီးသား လူလတ်ပိုင်း၊ လူကြီးပိုင်းပုဂ္ဂိုလ်များက မိမိအတွေ့အကြုံများကို လက်ဆင့်ကမ်းပေးရမယ်။ ကလေးဘ၀မှ လူကြီးဘ၀ကို ရောက်ဖို့ လူငယ်ဘ၀ဟာ မလွဲမသွေဖြတ်သန်းကြရမှာပဲ။ မှန်ကန်ကောင်းမွန်တဲ့လူငယ်ဘ၀ကိုဖြတ်သန်းကြခဲ့မှသာ လူကြီးဘ၀မှာ ကောင်းမွန်တဲ့ဘ၀ကို ရရှိကြမှာဖြစ်တယ်။

အလှအပ

အလှအပဆိုရာမှာ ရုပ်အလှနဲ့စိတ်အလှအပဆိုတဲ့ အလှအပနှစ်မျိုးတွေ့ရမယ်။ ရုပ်အလှအပဆိုတာ ထင်ရှားပေါ်လွင်မြင်သာတဲ့ အလှအပဖြစ်တယ်။ မိမိကိုယ်ခန္ဓာဖွံ့ဖြိုးမှုကို မိမိဘာသာသိရှိနေရမယ်။ အရပ်ပုသလား။ အရပ်ရှည်သလား။ ၀သလား။ ပိန်သလား။ အသားဖြူသလား။ ညိုသလား စတဲ့မိမိကိုယ်ခန္ဓာဖွဲ့စည်းပုံကို သိနေရမယ်။ ဒီလို ကိုယ်ခန္ဓာ၊ အသားအရေဖြစ်တည်နေတာဟာ သဘာ၀ဖြစ်လို့ အရှိကို အရှိအတိုင်း လက်ခံရမယ်။ ရုပ်ချော၊ ရုပ်ဆိုးတယ်။ ဒါပြုပြင်လို့ မရဘူး။ ဒါပေမဲ့ စိတ်ယုတ်မာရှိတယ်။ စိတ်ကောင်းရှိတယ်ဆိုတာ ပြုပြင်လို့ရတယ်။ ကျင့်ယူလို့ရတယ်။ ဒါကြောင့် စိတ်ကောင်းရှိရေးသာ ပထမ။ ကိုယ်ခန္ဓာသည် သဘာ၀လို့ မှတ်ယူသင့်တယ်။

ကိုယ်ခန္ဓာကိုသဘာ၀ဆိုပေမဲ့ ဖြစ်ချင်သလိုဖြစ်၊ နေချင်သလိုနေဆိုပြီး ပစ်ထားလို့ မရဘူး။ မိမိနေထိုင်ရာ ရေမြေ လေတောတောင်သဘာ၀နဲ့ လူကိုယ်ခန္ဓာဟာ ဆက်စပ်နေတယ်။ အာဖရိက ရေမြေလေတောတောင် သဘာ၀ကြောင့် အာဖရိကန်လူမျိုးတွေ အသားမည်းတယ်။ ဆံပင်တွေ ကောက်ကွေးတယ်။ တရုတ်နိုင်ငံရဲ့ရေမြေလေတောတောင်သဘာ၀ကြောင့် တရုတ်လူမျိုးတွေ အသားဖြူတယ်။ ၀ါတယ်။ ဆံပင်မကောက်ဘူး။ ဒါက သဘာ၀က ပြဋ္ဌာန်းပေးထားတာ။ ငြင်းလို့ မရဘူး။ လက်ခံရမယ်။

mgyoe.com

mgyoe.com


ရုပ်အလှ

ဒါပေမဲ့ သဘာဝဆိုတာ လူက ပြုပြင်လို့ရတယ်။ ဖျက်ဆီးလို့ရတယ်။ ထို့အတူ မိမိကိုယ်ခန္ဓာကိုလည်း အထိုက်အလျောက် ပြုပြင်လို့ ရတယ်။ ခေတ်အသိအမြင်ရှိတဲ့ လူငယ်အတော်များများက အလှအပနဲ့ မိမိကိုယ်ခန္ဓာကို ဆက်စပ်ရွေးချယ်လာကြတယ်။ အရေပြားလိမ်းဆေး (lotion) တွေ သုံးကြတယ်။ ဆံပင်ကောက်၊ ဆံပင်ဖြောင့်၊ ဆံပင်ပုံစံအမျိုးမျိုး ပုံသွင်းကြတယ်။ အင်္ကျီ၊ လုံချည် ဒီဇိုင်းအမျိုးမျိုးနဲ့ ခန္ဓာကိုယ်အလှကို ပုံဖော်ကြတယ်။ ဘာတွေ ဘယ်လိုပဲလှအောင်ဆင်ဆင် နဂိုရှိမှ နဂိုးထွက်တယ်ဆိုတဲ့အတိုင်း မိမိပင်ကိုအရှိ ကိုယ်ခန္ဓာအတိုင်း ရုပ်ထွက်လာမှာပဲ။ တကယ်ဆို ရုပ်လှဖို့ထက် လူတောတိုးနိုင်တဲ့ရုပ်ဖြစ်ဖို့၊ လူတွေနဲ့ဝင်ဆံ့ဖို့သာ အရေးကြီးတယ်။ ပြင်လွန်းလို့ ဖင်ချွန်းပြီး Over Style မဖြစ်ဖို့လည်း သတိထားရမယ်။

တကယ်ဆို ရုပ်အလှအပကို ပြုပြင်ရာမှာ သတိထားရမယ့် အချက်တွေ ရှိတယ်။ နံပါတ်တစ်က မိမိကိုယ်ကို ယုံကြည်မှုရှိရေးဖြစ်တယ်။ မိမိရုပ်ထွက်အလှအပဟာ မိမိ ပါဝင်ပတ်သက်နေတဲ့ ပတ်ဝန်းကျင်အသိုက်အဝန်းနဲ့ လိုက်လျောမှုရှိတယ်လို့ ခံစားမိဖို့လိုတယ်။ ဒီလိုမဟုတ်ဘဲ အသိုက်အဝန်းကြီးလွန်းတယ်။ မိမိက နိမ့်ကျလွန်းတယ်လို့ ခံစားမိရင် မိမိကိုယ်ကိုယုံကြည်မှုလျော့ကျသွားမှာပဲ။ ဒါဆို အဲ့ဒီအသိုက်အဝန်းမှာ မိမိဘာသာအထီးကျန်တယ်လို့ ခံစားရပြီး ဝင်ဆံ့မှာ မဟုတ်ဘူး။ ဒါကြောင့် မိမိဝင်ရောက်ပါဝင်ရမယ့် ပတ်ဝန်းကျင်ကိုသိရမယ်။ အဲဒီပတ်ဝန်းကျင်နဲ့ ညီနေပြီလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုထားရမယ်။

နံပါတ်နှစ်က မိမိတန်ဖိုးကို ဖော်ပြခြင်းဖြစ်တယ်။ ပတ်ဝန်းကျင်သစ်တစ်ခုထဲကို စတင်ရောက်ရှိချိန်မှာ လူတွေဟာအဝတ်အစားနဲ့ ပထမဆုံးအကဲခတ်ကြတယ်။ ကော်လံကတုံး၊ တိုက်ပုံဝတ်ထားတဲ့သူနဲ့ တီရှပ်၊ ကွာတားပန်ဝတ်ထားတဲ့သူဟာ ကိုယ့်တန်ဖိုးကိုဖော်ပြနေတယ်။ ကော်လံကတုံး၊ တိုက်ပုံဝတ်ထားသူက သူ့ကိုယ်သူ မြန်မာဆန်တယ်။ တိတိကျကျ စည်းကမ်းနဲ့ နေထိုင်တယ်။ လူကြီးလူကောင်း ပီသတယ်ပေါ့။ (ထိုသူရဲ့ စိတ်အလှအပ ဘယ်လို ရှိမယ်ဆိုတာတော့ ခန့်မှန်းရ မလွယ်ဘူး)။ ထို့အတူ တီရှပ်နဲ့ ကွာတားပန်ဝတ်ထားသူက လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး

mgyoe.com

mgyoe.com


နေလိုတယ်။ စည်းတွေကမ်းတွေ သိပ်လိုက်နာချင်ပုံ မရဘူး။ ဒါတွေက အပေါ်ယံကြောအလှအပနဲ့ ဝတ်စားဆင်ယင်မှုနဲ့ မိမိတန်ဖိုး ဖော်ပြချက်တွေ ဖြစ်တယ်။ တကယ်တော့အဝတ်အစားနဲ့ တန်ဖိုးအမှန်ကိုသတ်မှတ်လို့တော့ မရဘူးပေါ့။

နံပါတ်သုံးအချက်က အသိုက်အဝန်းကို တန်ဖိုးထားခြင်းဖြစ်တယ်။ ဘုန်းကြီးကျောင်း၊ ဘုရားဖူးသွားကြမယ်ဆိုရင် အဂါရဝမဖြစ်စေတဲ့ ဝတ်စားဆင်ယင်မှုပြုရမယ်။ ဒါက မိမိရောက်ရှိတဲ့အသိုက်အဝန်းကို တန်ဖိုးထားတာ ဖြစ်တယ်။ စတိတ်ရှိုးပွဲကိုသွားရာမှာ တိုက်ပုံကြီးတကားကားနဲ့ ခန့်ခန့်ကြီး လုပ်ပြတာဟာ အသိုက်အဝန်းကို သရော်သလိုဖြစ်နေတယ်။ အတူသွားတဲ့ သူငယ်ချင်းငါးယောက်ထဲမှာ ကိုယ်တစ်ယောက်တည်း မတူအောင် ထူးထူး ခြားခြားဝတ်ထားတာဟာလည်း အသိုက်အဝန်းကို တန်ဖိုးမထားရာ ရောက် စေတယ်။ ဒါကြောင့် ဝင်ရောက်မယ့်အသိုက်အဝန်းနဲ့ လိုက်လျောညီထွေ ရှိရမယ်။

နံပါတ်လေးအချက်က ထင်ပေါ်လိုခြင်း ဖြစ်တယ်။ အများနဲ့မတူတဲ့ ဝတ်စားဆင်ယင်မှု၊ ဒီဇိုင်းတွေထွင်ပြီး ဝတ်တတ်ကြတယ်။ ဒါက ကောင်း တာ ရှိသလို၊ မကောင်းတာလည်း ရှိတယ်။ ထင်ပေါ်လို့ လူသိများသွား ရင် မိမိရဲ့အရည်အချင်းအစွမ်းအစလည်း ရှိနေရမယ်။ လူသိများသွားမှ မိမိညံ့တာလူသိကုန်ရင် ကိုယ့်ကိုကိုယ်နှိမ့်ချလိုက်တာနဲ့အတူတူပဲ။ ထင်ပေါ် တိုင်း ကောင်းတာ မဟုတ်ဘူး။

## စိတ်အလှ

ရုပ်အလှအပတွေ ဘယ်လောက်ပဲ ထုံမွှမ်းနေပါစေ၊ စိတ်အလှအပ ကသာ ပိုအရေးကြီးတယ်။ စိတ်ထားမလှရင် ရုပ်အလှအပနဲ့ ဟန်ဆောင် မွှမ်းမံထားပေမဲ့ တာရှည်တော့ ဖုံးဖိထားလို့မရဘူး။ သူတစ်ပါးက သွန်သင် လို့၊ ဆုံးမလို့၊ လိုက်နာခိုင်းလို့၊ မိမိစိတ်က အမှန်တကယ်မပါဘဲ လိုက်လုပ် နေရတဲ့ အပြုအမူဟာ ခဏတာမျှသာခံတယ်။ အချိန်တန်ရင် စိတ်ထားမှန် ပေါ်စမြဲပေါ့။ ခွေးမြီးကောက် ကျည်တောက်စွပ်သလိုပဲ။

ဒါကြောင့် စိတ်ထားလှဖို့၊ စိတ်ထားမြင့်မြတ်ဖို့၊ စိတ်ကောင်းရှိဖို့ မိမိ

mgyoe.com

mgyee.com


ဘာသာတည်ဆောက်ရမယ်။ အဝတ်ဗီရိုထဲက အဝတ်အစားတွေကို ကိုယ်နဲ့ လိုက်ဖက် မဖက်ရွေးချယ်ဝတ်ဆင်သလို မိမိစိတ်ထားကို ရွေးချယ်လေ့ကျင့်ရမယ်။ ဗီရိုထဲက အဝတ်အစားတွေက အဝတ်တစ်ထည်ကိုသာ ရွေးချယ်ရတာ။ ထို့အတူ မိမိစိတ်ထဲမှာလည်း စိတ်ထားကောင်းတွေ၊ စိတ်ယုတ်မာ စိတ်ညံ့တွေ စတဲ့ စိတ်ခံစားချက်အမျိုးမျိုး ကိန်းအောင်းနေတာဖြစ်တယ်။ အဲဒီစိတ်ထားတွေထဲ အဲဒီအချိန်မှာ ဘယ်လိုစိတ်ထားမယ်ဆိုတာ ရွေးချယ်ရမယ်။ စိတ်ထဲရှိသမျှပြောလို့၊ လုပ်ကိုင်လို့မသင့်ဘူး။ ဒီလိုမျိုး မပြောဖြစ်အောင်၊ မလုပ်ဖြစ်အောင် မိမိစိတ်ကို ထိန်းချုပ်တတ်ရမယ်။ ထိန်းချုပ်နည်းက မိမိစိတ်ကို မိမိအမှန်တကယ် သိခြင်းက စရမယ်။ မိမိဟာ စိတ်မြန်သလား။ ဒေါသထွက်လွယ်သလား။ စိတ်ပျော့သလား။ စိတ်ကျလွယ်သလား။ စိတ်ဓာတ်အတက်လွယ်သလား။ စိတ်ရှည်တတ်သလား။ စိတ်တိုတတ်သလား စသည်ဖြင့် မိမိကိုယ်ကို မကွယ်မဝှက်ဆန်းစစ်ကြည့်ရမယ်။ လူတစ်ယောက်မှာ အကောင်းဆုံးစိတ်ထားတွေပဲ ရှိမယ်လို့ မျှော်လင့်ရင် သဘာဝမကျဘူး။ မကောင်းတဲ့စိတ်ရော၊ ကောင်းတဲ့စိတ်ရော ဗီရိုထဲက အဝတ်အစားတွေလို အားလုံးရှိနေတယ်။ ဗီရိုထဲက မကောင်းတဲ့ အဝတ်တွေကို ယူမဝတ်သလို မိမိကိုယ်ထဲက မကောင်းတဲ့စိတ်တွေကိုလည်း ထုတ်မပြသင့်ဘူး။ ကောင်းတဲ့စိတ်လား၊ မကောင်းတဲ့စိတ်လား ခွဲခြားသိဖို့က ပညာဉာဏ် အခြေခံလိုတယ်။ ဆင်ခြင်တုံ တရားရှိဖို့ လိုတယ်။ ပတ်ဝန်းကျင်ကောင်းမှာ ဝင်ဆံ့ဖို့ လိုတယ်။

ပညာဉာဏ်အခြေခံရှိရင် အကောင်းအဆိုးခွဲခြားတတ်မယ်။ ပညာဟာ အကောင်းအဆိုး ခွဲခြားတတ်အောင် သင်ကြားပေးတဲ့ပညာဖြစ်ဖို့လည်း လိုပြန်တယ်။ ကျောင်းစာသင်ခန်းထဲမှရတဲ့ပညာက စင်စစ်ပြည့်စုံတဲ့ပညာ မဟုတ်ဘူး။ အလွတ်ကျက်ပြီး ဒါမေး၊ ဒါဖြေလုပ်နေတာဟာ ပညာ မဟုတ်ဘူး။ တီထွင်မှု၊ ဖန်တီးမှု၊ လွတ်လပ်စွာ တွေးခေါ်တတ်မှု၊အမှား အမှန်ခွဲခြားတတ်မှုတွေကို လေ့ကျင့်ပေးပါမှ ပညာစစ်ကိုရမှာ။

ပညာစစ်ကိုရလာမှ ဆင်ခြင်တုံတရားရှိလာမှာ။ တတ်မြောက်လာတဲ့ ပညာကို ဆင်ခြင်နိုင်စွမ်းရှိလာပြီဆိုမှ ဆုံးဖြတ်ချက်မှန်လာမှာ။ အများက ကောင်းတယ်ပြောတိုင်း အမှန်တကယ် ကောင်းမကောင်း ဆင်ခြင်တုံတရားနဲ့

mgyee.com

mgyoe.com


ဝေဖန်ပိုင်းခြားနိုင်ရမယ်။ ဒီလိုဆင်ခြင်နိုင်ဖို့က ဖြစ်လာတဲ့ဖြစ်စဉ်အပေါ် ရတ်ခြည်း ဆုံးဖြတ်ချက်ချတတ်တဲ့ အလေ့အကျင့်ကို ပြင်ဆင်ရမယ် ဖြစ်နိုင်သရွေ့ ရနိုင်သမျှအချိန်ယူ ဆင်ခြင်ရမယ်။ အချိန်ယူစဉ်းစားပြီးမှ အကောင်းဆုံးလို့ ယူဆတဲ့တွေ့ရှိချက်ကို လုပ်ဆောင်ရမယ်။

လူငယ်တွေရဲ့ ဘဝအစဟာ လှချင်တယ်။ လူရာဝင်ချင်တယ်။ လူအများရဲ့ ချီးမွမ်းမှုကိုခံချင်တယ်။ ကဲ့ရဲ့ရှုတ်ချမှုကို ခံနိုင်တဲ့ ရင့်ကျက်မှုမရှိသေးဘူး။ ဒါကို လူကြီးတွေ သတိပြုဆင်ခြင်ပေးရမယ်။

လူငယ်တွေ ရုပ်လှအောင်လည်း ပြင်ပါ။ ဆံပင်အလှ၊ အသားအရေအလှ၊ မျက်နှာအလှ၊ ကိုယ်လုံးအလှ၊ နည်းပညာတွေ တိုးတက်တဲ့ ဒီ ခေတ်ကြီးမှာ လှချင်တိုင်း လှအောင်ပြင်ကြ။ ထို့အတူ စိတ်အလှကိုလည်း ပြင်ဖို့ မမေ့ကြလေနဲ့။ နီးနီး ပေါင်းလေ စိတ်ကောင်းရှိဖို့ လိုလေပဲ။ ကြာကြာပေါင်းလေ စိတ်ကောင်းကသာ မြဲစေတယ်။

ဒါကြောင့် လူငယ်ဘဝအစမှာ အလှတွေနဲ့ စကြမယ်။ ရုပ်လည်း လှ။ စိတ်လည်း လှ။ ဘဝကိုလည်း လှအောင် အလှဆင်ကြပါစို့။

**Daily Eleven**
**၂၉-၉-၂၀၁၆**

❑

mgyoe.com

mgyoe.com

# ယုံကြည်ရာ တစ်ခုအတွက်

## အသက်ကို စတေးကြမယ်

ယုံကြည်ရာတစ်ခုအတွက် အသက်ကိုတောင် စတေးကြတာပဲဆိုတဲ့ အဆိုတော် လေးဖြူရဲ့တေးသွားကို ကြားလိုက်ရတဲ့အချိန်မှာ ကြက်သီးမွေးညင်းထမိသွားတယ်။ ရင်ထဲမှာ အတွေးတွေပွား။ အရေပြားပေါ်မှာ ကြက်သီးတွေ ထအောင်ခံစားရတယ်။ ယုံကြည်ရာတစ်ခုဟာ အသက်ထက်ပိုလို့ အရေးကြီးတယ်တဲ့လား။

လူ့အမိုင်းမှာ ယုံကြည်ရာတစ်ခုအတွက် တကယ်ပဲအသက်ကို ပေးခဲ့ကြသလား။ ဘယ်လို ယုံကြည်ချက်တွေအတွက် အသက်ပေးခဲ့ကြတာလဲ။ သူတို့ရဲ့အသက်တွေ ပေးခဲ့လို့ လူ့သမိုင်းဟာ တိုးတက်ပြောင်းလဲခဲ့သလား။

တကယ်တော့ လူ့သမိုင်းဟာ ယုံကြည်ရာတစ်ခုခုအတွက် တော်လှန်ကြရင်း၊ လမ်းသစ်ထွင်ကြရင်း၊ အသက်တွေပေးဆပ်ကြရင်း အစဉ်အဆက်မပြတ် တိုးတက်လာတယ်။ ခရစ်မပေါ်မီ (BC) က လူ့သမိုင်းနဲ့ ခရစ်ပေါ်ပြီး AC ခေတ်ကာလ လူသမိုင်းတို့ဟာ မနှားတမ်းတိုးတက်လာတာဟာ ယနေ့တိုင်ပါပဲ။ ဒီလို တိုးတက်လာတာဟာ သာမန်လူတွေကြိုးပမ်းမှုထက် လောကရဲ့ အမှန်တရားကို မဆုတ်မနစ်ဖွဲနဲ့ရှာဖွေရင်း အမှန်တရားအတွက် ယုံကြည်ရာ တစ်ခုတည်း ထားရှိခဲ့တဲ့သူများကြောင့်သာဖြစ်တယ်။

လူ့သမိုင်းမယဉ်ကျေးမီကာလက လူပုဂ္ဂိုလ်အချို့ဟာ ယုံကြည်ရာတစ်ခုအတွက် အသက်တွေ ပေးခဲ့ကြတယ်။ ဘဝတွေ စတေးခဲ့တယ်။

mgyoe.com

mgyoe.com


လက်နက်မရှိပေမယ့် ယုံကြည်ချက်ရှိတယ်။ တော်လှန်နိုင်တဲ့ အင်အားကြီးကြီးမားမား မရှိပေမယ့် ယုံကြည်ချက်တစ်ခု အခိုင်အမာရှိတယ်။

စင်စစ်ယုံကြည်မှုဟာ လက်တွေ့အင်အားတွေထက် မြောက်မြားစွာကြီးမားတယ်။ ယုံကြည်မှုသာ အရာရာကို ကျော်လွှားနိုင်ခဲ့တာ ဖြစ်တယ်။ မြစ်ရဲ့တစ်ဖက်မှာ မိမိယုံကြည်ရာတစ်ခုရှိမယ်လို့ စိတ်ပိုင်းဖြတ်ထားပြီးရင် ဘယ်လောက်ကျယ်တဲ့ မြစ်ပဲဖြစ်ပါစေ။ ဘယ်လောက် ရှည်တဲ့မြစ်တွေကာဆီးပါစေ။ အမှန်တကယ် ဖြတ်ကျော်နိုင်မှာ ဖြစ်တယ်။

မြတ်စွာဘုရားဟာ အနော်မာသောင်ကမ်း ဟိုဘက်ကမ်းမှာ လွတ်မြောက်မှုဆိုတဲ့ဝိမုတ္တိရှိတဲ့အတွက် ဒီမှာဘက်မှကိလေသာ အလုံးစုံကို ဖယ်ရှားပြီး ကူးခတ်အောင်မြင်နိုင်တာ ဖြစ်တယ်။ မြတ်စွာဘုရားဟာ ယုံကြည်ရာတစ်ခုအတွက် ဒုက္ကရစရိယကျင့်စဉ်ကို ခြောက်နှစ်ပတ်လုံး မဆုတ်မနစ်ကျင့်ကြံအားထုတ်ခဲ့တယ်။ ကျင့်စဉ်မှန်တာ၊ မှားတာကအောင်မြင်မှုရဲ့သော့ချက် မဟုတ်ဘူး။ မဖြစ်မနေဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်ကသာအဓိကဖြစ်တယ်။ ဆိုတော့ မြတ်စွာဘုရားရဲ့ ယုံကြည်ရာတစ်ခုကလေး သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလအတွင်း ပါရမီဆယ်ပါးဖြည့်။ ဘဝပေါင်းငါးရာ့ငါးဆယ်ဖြတ်သန်း။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှာ ပါရမီဆက်ဖြည့်။ ဘာတွေအခက်အခဲတွေ့တွေ့ယုံကြည်ရာတစ်ခုဖြစ်သော လောကရဲ့အထွတ်အထိပ်မြတ်စွာဘုရားဖြစ်ရေးအတွက် အားလုံးကို စွန့်လွှတ်စွန့်စားခဲ့သူ ယောကျ်ားအာဇာနည်တစ်ပါးဖြစ်ခဲ့ကာ လောကမှာ အထင်အရှားဖြစ်ထွန်းခဲ့ပါတယ်။

စင်စစ်ယုံကြည်ရာတစ်ခုဆိုတာ ပြင်းပြတဲ့စိတ်၊ မဆုတ်မနစ် လုပ်မယ်ဆိုတဲ့ ဝီရိယနဲ့ပြဋ္ဌာန်းချက်ဖြစ်တယ်။ အဲဒီယုံကြည်ရာ တစ်ခုကိုဖျက်ဆီးမယ့်ဒေဝဒတ်လိုပုဂ္ဂိုလ်မျိုးကလည်း သမိုင်းမတင်မီခေတ်ကာလ များစွာကတည်းက ပေါ်ထွန်းခဲ့တာ။ မြတ်စွာဘုရားနဲ့ အပြိုင်ဘဝဆက်တိုင်း ဘုရားရဲ့ယုံကြည်ရာကို တွေဝေအောင် နှောင့်ယှက်လာခဲ့တာ။

## ဘာကို ယုံကြည်တာလဲ

လူတစ်ယောက်စီမှာ ယုံကြည်မှုတစ်ခုစီရှိကြတာဟာ သဘာဝပဲ။ မိမိမွေးရာဇာတိ၊ ပတ်ဝန်းကျင်၊ ကိုးကွယ်ယုံကြည်မှု၊ မိမိ သိမှတ်ရာ ဗဟုသုတ၊

mgyoe.com

mgyoe.com


အတွေ့အကြုံဖြတ်သန်းရတဲ့ဘဝတွေဟာ ယုံကြည်မှုတစ်ခုဖြစ်ထွန်းလာဖို့ တွန်းအားပေးတဲ့ အချက်တွေပဲဖြစ်တယ်။ အမြင်ကျယ်ဖို့ လိုပေမယ့် လူတိုင်းဟာ အမြင်မကျယ်နိုင်ဘူး။ အမြင်ကျယ်ဖို့လည်း မကြိုးစားနိုင်ကြဘူး။ ကန့်သတ်ချက်ရှိတဲ့ဘဝကိုယ်စီမှာ နေထိုင်ရတာကို။

ဒါပေမဲ့ လူတော်တွေ၊ လူ့သမိုင်းရဲ့ခေါင်းဆောင်တွေ၊ stakeholder တွေ၊ တိုင်းပြည်ကံကြမ္မာကို ကိုင်လှုပ်နိုင်သူတွေဟာ သာမန်လူတယောက်လို သာမန်ယုံကြည်ချက်တစ်ခုနဲ့နေလို့ မရဘူး။ ဒီလိုနေရင် တာဝန်မဲ့ရာ ကျတယ်။ ဘဝဟာ မပြည့်စုံဘူး။

တစ်ချိန်က ဘာသာရေးအစွန်းရောက်နဲ့ အာဏာကို ဆုပ်ကိုင်ထားလို သူတို့ ပူးပေါင်းပြီး လောကကို အုပ်ချုပ်ခြယ်လှယ်ဖို့ ကြံစည်ကြတယ်။ အမှန်တရားဟာ သူတို့ နှုတ်ထွက်အတိုင်းဖြစ်စေတယ်။ အမှန်တရားကို လက်လှမ်းမမီနိုင်ကြတဲ့လူတွေကို သူတို့ပြောသမျှ အတိုင်းအမှန်တရား ဖြစ်စေခဲ့တယ်။ ကမ္ဘာကြီးဟာ ပြားနေတယ်လို့ ထိုခေတ်က လူတွေကို လက်ခံယုံကြည်စေခဲ့တယ်။ အသိပညာ၊ အတွေးအခေါ်၊ နည်းပညာအားနည်းမှုတွေကြောင့် အာဏာပိုင်တွေပြောတဲ့အတိုင်း ကမ္ဘာကြီးပြားတယ်လို့ပဲ လက်ခံထားကြတယ်။ ဘယ်သူကမှ စောဒကမတက်ဘူး။ သာမန်လူ ကိုးဆယ် ရာခိုင်နှုန်းကျော်ကျော်ဟာ လောကမှာ ဒီလိုပဲနေကြပြီး ဒီလိုပဲ သေသွားကြတာ။ အမှန်တရားကို သိဖို့ ရှေ့ဆက်မကြိုးစားကြဘူး။ ဒီလိုနဲ့ သဘာဝတရားအရ လုံးနေတဲ့ကမ္ဘာဟာ ထိုခေတ်အာဏာပိုင်တွေရဲ့ ပါးစပ်ထဲက အတိုင်းကမ္ဘာဟာ ပြားနေခဲ့ရတယ်။

ကမ္ဘာပြားတယ်ဆိုတဲ့ အယူအဆကြောင့် ကမ္ဘာ့အရှေ့ခြမ်း၊ ကမ္ဘာ့အနောက်ခြမ်း စွန့်စားသွားလာသူတွေအတွက် အဟန့်အတားဖြစ်စေတယ်။ အသိပညာတွေ ပိတ်ပင်ခံလိုက်ရတာနဲ့အတူတူပဲ။ ကမ္ဘာပြားတဲ့အတွက် ရှေ့ဆက်သွားရင် ကမ္ဘာအဆုံးစွန် တစ်နေရာက ပြုတ်ကျတော့မလို လူတွေကို အတွေးရောက်စေခဲ့တယ်။

ဒီလိုအတွေးပိတ်ဆို့ခံရတဲ့ ဘဝဟာ အုပ်ချုပ်သူတွေအတွက် အကြိုက်ပဲ။ အတွေးတိမ်လေ၊ အသိတရားနည်းပါးလေ အုပ်ချုပ်သူတွေအတွက် အုပ်ချုပ်စီမံရလွယ်ကူလေပဲဖြစ်တယ်။ ဒါ့ကြောင့် အတွေးဖွင့်ပေးမယ့်၊ အသိ

mgyoe.com

mgyoe.com


ဉာဏ်ရောင်ထွန်းပေးမယ့် ဘယ်လိုသော လူကိုမှ မလိုလားကြဘူး။ သူတို့ပေးထားတဲ့ အသိတရား၊ အတွေးအမြင်ထက်ပိုသိလာမှာ၊ ပိုတတ်လာမှာ အစိုးရိမ်ဆုံးပဲ။

ဒါပေမဲ့ လူ့သမိုင်းမှာ အမှန်တရား၊ လူသမိုင်းခေါင်းဆောင်ဆိုတာ ပေါ်လာစမြဲပဲ။ ကမ္ဘာကြီး လုံးတယ်ဆိုတာ အတိအကျသိတဲ့သင်္ချာပညာရှင်၊ အတွေးအခေါ်ပညာရှင်ဂျော်ဒန်နိုဘရူနို (၁၅၄၈–၁၆၀၀) ဟာ အမှန်တရားကို ထုတ်ဖော်ဖို့ သူ့ကိုယ်သူ တာဝန်ကြီးတစ်ရပ်အဖြစ် ထမ်းဆောင်စေတယ်။ အမှန်တရားတစ်ရပ်ဟာ အမှားတစ်ရပ်ဖြစ်နေတာကို အမှန်တရားမြက်နိုးသူဟာ ဘယ်လိုနည်းနဲ့မှ မနေသာတော့ဘူး။ လျစ်လျူရှုမထားနိုင်ဘူး။ အမှန်ကို လျစ်လျူရှု၊ အမှားမျက်စိမှိတ်လက်ခံသူဟာ လောကကို သစ္စာဖောက်ရုံသာ မဟုတ်ဘူး။ သူ့ကိုယ်သူပါ သစ္စာဖောက်တာပဲ။ အလွန် ကြောက်စရာကောင်းတဲ့ လူအမျိုးအစားထဲမှာ ပါတယ်လို့ပြောရမှာပဲ။

အကယ်၍များ ဂျော်ဒန်နိုဘရူနိုကကမ္ဘာလုံးတယ်ဆိုတဲ့ အမှန်တရားကို ထုတ်ဖော်မပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့ရင် မဖြစ်ပေဘူးလား။

သမိုင်းသူရဲကောင်းတွေဟာ ဘယ်တော့မှ သမိုင်းကို သစ္စာ မဖောက်ကြဘူး။ သမိုင်းမှာ အမှန်တရားထင်ကျန်ဖို့၊ သမိုင်းမှာ အမှန်တရား တွင်ကျယ်ဖို့ သမိုင်းသူရဲကောင်းတိုင်းဟာ တာဝန်ကျေကြတယ်။ ဂျော်ဒန်နိုဘရူနိုဟာ ကမ္ဘာလုံးကြောင်းအားလုံးကို စတင်ဖွင့်ဟလိုက်တယ်။ အာဏာရပုဂ္ဂိုလ်တွေက သူတို့ရှေးက ပြောထားတဲ့စကားကို မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ မရုပ်သိမ်းနိုင်ဘူး။ အမှန်တရားထက် အာဏာက ပိုအရေးကြီးတယ်။ သည်တော့ အာဏာပိုင်တွေက ရာဇဒဏ်ထုတ်လိုက်တယ်။ ကမ္ဘာပြားတယ်ဆိုတာပဲ လိုချင်တယ်။ ကမ္ဘာလုံးတယ်ဆိုရင် မသေမချင်း မီးရှို့သတ်မယ်။ အသတ်ခံမလား။ ကမ္ဘာပြားတယ် ပြောမလား။ ကြိုက်တာရွေး။ ကြိုက်တာရွေးတာဆိုတာ။ တကယ်တမ်းကျတော့ အာဏာပိုင်တွေ ရွေးခိုင်းတဲ့ နှစ်လမ်းထဲက တစ်လမ်းကို ရွေးရမှာ။ သေလမ်းနဲ့ အမှန်တရားလမ်းပဲ။

စင်စစ်သမိုင်း သူရဲကောင်းဖြစ်ဖို့ဆိုတာ ယုံကြည်ရာတစ်ခုအတွက် အသက်ပေးကြရတာ။ အသက်စတေးကြရတာ။ အသက်ထွက်သွားတာနဲ့ တစ်ပြိုင်နက် အမှန်တရားအမည်နာမ၊ ဂုဏ်သိက္ခာက လောကအနှံ့ ပြန့်

mgyoe.com

mgyee.com


ထွက်လာတာ။ တစ်ပြိုင်နက် ဖြစ်ပေါ်လာတာ။ သမိုင်းသူရဲကောင်း တစ်ယောက်ရဲ့ စွန့်လွှတ်စွန့်စားသေဆုံးခြင်းဟာ အမှန်တရားရဲ့ မီးရှူးတန်ဆောင်ကို စတင် ထွန်းညှိလိုက်ခြင်း ဖြစ်တယ်။ ဂျော်ဒန်နိုဘရူနိုရဲ့ သေရခြင်းအကြောင်းရင်း (Cause of Death) က မီးလောင်တိုက်သွင်းမယ့် တိုင်မှာ မီးရှို့ (Burned at the stake) လိုက်ခြင်းကြောင့်ပဲဖြစ်တယ်။

သမိုင်းတရားခံ

သမိုင်းသူရဲကောင်းတွေ ရှိနေသလို သူရဲ့ဆန့်ကျင်ဘက် သမိုင်းတရားခံ ဆိုတာလည်း ရှိလာပြန်တာပဲ။ အမှန်တရားကို မျက်ကွယ်ပြု၊ မိမိ တစ်ဘဝစာ၊ မိမိအသိုက်အဝန်းတစ်ခုစာ၊ ကွက်ကွက်လေးပဲကြည့်ပြီး ဆုံးဖြတ်သူတွေဟာ သမိုင်းတရားခံတွေပဲ။ ဟစ်တလာကြောင့် ကမ္ဘာသမိုင်းဟာ လွန်စွာအကျည်းတန် အရုပ်ဆိုးခဲ့ရတယ်။ လူတွေသန်းပေါင်းများစွာ သေကျေခဲ့ရတယ်။ အိမ်တွေ များစွာပျက်စီးခဲ့ရတယ်။

အဲ့ဒီသမိုင်းတရားခံ (ဟစ်တလာ) ကြောင့် ကမ္ဘာကြီးပျက်ဆီးမတတ် ကြေကွဲဖွယ်ရာ နင့်နင့်သီးသီး ခံစားလိုက်ရတယ်။ သမိုင်းတရားခံ ဟစ်တလာရော ဘာတွေဖြစ်သွားခဲ့သလဲ။ အသက်ဆုံးရှုံးခဲ့ရတာပဲ မဟုတ်လား။ ကမ္ဘာကြီးမှာလည်း ဒဏ်ရာဒဏ်ချက်တွေ ဗရပွ ဖြစ်ခဲ့ရတယ်။ သမိုင်းတရားခံ တစ်ယောက်ကြောင့် လူပေါင်းများစွာ အသက်တွေ ပေးဆပ်လိုက်ရတာ။ မရက်စက်လွန်းဘူးလား။ အသိတရား မနည်းပါးလွန်းဘူးလား။ စိတ်ဓာတ်အောက်တန်းမကျလွန်းဘူးလား။

စင်စစ်ဂျော်ဒန်နိုဘရူနိုဆိုသော အမှန်တရားမြတ်နိုးသူ။ သမိုင်း သူရဲကောင်းတွေ ရှိခဲ့သလို၊ ဟစ်တလာလို ယုံကြည်ရာတလွဲ၊ မျက်ကန်းမျိုးချစ်၊ ကိုယ်ချင်းစာတရားကင်းမဲ့၊ လူလူချင်းမုန်းတီးစိတ်ကြီးမားတဲ့ သမိုင်း သစ္စာဖောက်၊ သမိုင်းတရားခံတွေလည်းပဲ ရှိခဲ့တာပဲ။

ဒီလိုသမိုင်းကြောင်းကို သိမီလာတဲ့ ၂၁ ရာစု လူသားတွေအနေနဲ့ မိမိ (အစုအဖွဲ့) ကို သမိုင်းတရားခံဖြစ်ခံမလား။ သမိုင်းသူရဲကောင်း လုပ်မလား ယုံကြည်ရာတစ်ခုကို ရွေးရတော့မယ်။

မိမိကိုင်စွဲထားတဲ့ယုံကြည်ရာဟာ အမှန်တရားစစ်စစ်လား။ ၁၉၄၇

mgyee.com

mgyoe.com


ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ က လက်မှတ်ရေးထိုးခဲ့တဲ့ ပင်လုံစာချုပ်ရဲ့ အနှစ်သာရနဲ့ အမှန်တရားကို ရှာဖွေဆန်းစစ်ကြရမယ်။ မိမိလူမျိုး၊ မိမိအစု အဖွဲ့ထက် မိမိ မှီတင်းနေထိုင်ရာပြည်ထောင်စုက ပိုအရေးကြီးတယ်။ ပြည် ထောင်စုထဲမှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားပြည်သူတိုင်းရဲ့ ဘဝကိုယ်စီ ဟာ အရေးကြီးတယ်၊ ကျည်တစ်တောင့်ဟာ ဘဝတစ်ခု၊ အသက်တစ်ချောင်း ကို ခြေဖျက်နေတာဟာ ဂုဏ်ယူစရာလား။ မာန်တက်စရာလား။ ကြေကွဲ စရာလား။

ဝမ်းနည်းစရာလား။ သမိုင်းတာဝန်ရှိ (Stake holder) တွေ ရွေးကြရ မယ်။ ဆုံးဖြတ်ကြရမယ်။

အမှန်တရားအတွက်သမိုင်း သူရဲကောင်းတွေ အသက်ပေးနေတဲ့ အချိန်မှာ၊ မြေတစ်ကွက်၊ ကားတစ်စီး၊ အိမ်တစ်လုံး၊ ပိုင်ဆိုင်မှုတစ်စု၊ အာဏာ အတွက် သမိုင်းကို သစ္စာဖောက်ကြမလို့လား။ မိမိအခွင့်အရေး၊ မိမိအခန်း ကဏ္ဍ (role) လျော့ပါးသွားမှာအတွက် ယုံကြည်ရာတစ်ခု အလွယ်တကူ ရွေးချယ်ကြတော့မှာလား။

ကိုင်စွဲထားသင့်တဲ့ ယုံကြည်မှုလား။ မိမိအတ္တရဲ့စေ့ဆော်မှုကြောင့် ယုံကြည်နေတာလား။ ရွေးချယ်ဆုံးဖြတ်ကြရမယ်။ အချို့အဖွဲ့က ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်ဆိုကာ လက်ရှိ အမှန်တရားနဲ့အလှမ်းဝေးတဲ့ ယုံကြည်ရာကို တရားသေကိုင်စွဲ ရပ်တည်ကြ တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် အမှန်တကယ် အထောက်အကူဖြစ်ရဲ့လား။ ဒါမှ မဟုတ် ကြီးမားတဲ့ အဟန့်အတားဖြစ်နေတာလား။ ဒါမှမဟုတ် လူတစ်စုကို အတိအလင်း အကာအကွယ်ပေးရင်း တိုင်းပြည်ကို နစ်မွန်းနေစေတာလား။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်တွယ်နေသူ လူအချို့ ယုံကြည်ရာတစ်ခုကို ရွေးချယ်ဆုံးဖြတ်ရမယ့်အချိန်ရောက်ပြီ။

## သမိုင်း သူရဲကောင်းများရှိုပြီ

အချို့လူမျိုးစုတွေက မိမိနယ်မြေဒေသဖွံ့ဖြိုးဖို့ ဘယ်လိုတည်ဆောက် မလဲ။ ဘယ်လို အကူအညီတောင်းမလဲ။ ဦးစွာ မစဉ်းစားကြဘဲ။ သီးခြား

mgyoe.com

mgyoe.com


နယ်မြေတည်ထောင်ဖို့အရင် ကြိုးပမ်းကြပြန်တယ်။ ကာရေဗီယံပင်လယ်ထဲက ကိုရာဆောင်းဆိုတဲ့ကျွန်းဟာ ဒတ်ချ်တွေရဲ့သိမ်းပိုက်ခံဖြစ်တယ်။ သူတို့ပြည်သူတွေကို ဒတ်ချ်က လွတ်လပ်ရေးအကြိမ်ကြိမ်ပေးပေမယ့် လွတ်လပ်ရေးမယူကြဘူး။ လက်ရှိအတိုင်း တိုးတက်နေတာက ကိုယ့်ဘာသာရပ်တည်တာထက်ပိုသာမယ်ဆိုတာ ကျွန်းသူသားတွေ သိနေကြတယ်။ ဒါ့ကြောင့် သီးခြားရပ်တည်တိုင်း တိုးတက်ပါ့မလား။ တွေးစရာ။

ယုံကြည်ရာတစ်ခုက ရှင်းနေတာပဲ။ ဒီမိုကရေစီဖယ်ဒရယ် ပြည်ထောင်စုဖြစ်ရေးပဲ။ ဖွဲ့စည်းပုံလည်း ပြင်သင့်က ပြင်ရမယ်။ ဖက်ဒရယ်ပြည်ထောင်စုနယ်မြေထဲမှာ ပူးပေါင်းနေထိုင်ရင်း မိမိလူမျိုး၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် လုပ်သင့်လုပ်ရမယ်။ ဒေသဖွံ့ဖြိုးအောင်လုပ်ရင်း တိုင်းပြည်ဖွံ့ဖြိုးအောင် လုပ်ကြရမယ်။

အခု ယုံကြည်ရာတစ်ခုက အသက်ပေးစရာ မလိုဘူး။ ဒါပေမဲ့ မှန်ကန်တဲ့ ယုံကြည်ရာဖြစ်ဖို့တော့ လိုတယ်။ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံဖြစ်ရေးအတွက် အနှောင့်အယှက် အဟန့်အတားဖြစ်မယ့် အခြားယုံကြည်ရာများကို ဖယ်ရှားပစ်ရမယ်။ လိုအပ်ရင် ယုံကြည်ရာတစ်ခုအတွက်အသက်မပေးတောင် မိမိရရှိခံစားနေတဲ့စည်းစိမ်တစ်စု၊ အာဏာအချို့၊ မြေကွက်ဧကများစွာ၊ မိမိ ထိုင်နေတဲ့ကုလားထိုင်တို့ကို ပေးဆပ်ဖို့ ဝန်မလေးသင့်ပါ။ သမိုင်းသူရဲကောင်းဖြစ်ခွင့်ကြုံခိုက် သမိုင်းတရားခံအဖြစ် မခံပါနဲ့။ သမိုင်းသူရဲကောင်းများရဲ့ မှန်ကန်တဲ့ယုံကြည်ရာတစ်ခုကြောင့် တိုင်းပြည်ရဲ့ကံကြမ္မာကောင်းများဖြစ်ထွန်းလာဖို့ မျှော်လင့်နေပါကြောင်း။

**Weekly Eleven**

၁၂.၉.၂၀၁၆

❑

mgyoe.com

mgyoe.com

## မြန်မာနိုင်ငံတော်သီချင်း ကမ္ဘာမြင်ကွင်းမှာ ကြားချင်ပါဘိ

အကြိတ်အနယ်

အကြိတ်အနယ်ပြိုင်ကြတယ်။ အားကုန်ထုတ်ကြတယ်။ စွမ်းအား နည်းပညာ၊ စိတ်ဓာတ်၊ ဖွဲ့တို့ကို စုစည်းပြီး ပြိုင်ပွဲအောင်နိုင်ရေးအတွက်။ သူက ရှေ့က ဦးဆောင်လိုက်။ ကိုယ်က ရှေ့က ဦးဆောင်လိုက်။ ပန်းတိုင် မရောက်မချင်း အောင်မြင်သူ မပေါ်သေးဘူး။ သူ နိုင်မလား။ ကိုယ်နိုင် မလား။

ပရိတ်သတ်တွေရဲ့ လက်ခုပ်သြဘာသံ။ ကိုယ့်နိုင်ငံတော်သီချင်းကို စုပေါင်းသီဆိုကြတဲ့ အသံ၊ တဒုန်းဒုန်းနဲ့ ထုနေတဲ့ဘင်သံ၊ လင်းကွင်းတီးသံ၊ ဆူညံဝေစည်နေတာပဲ။

ဒီလိုနဲ့ပန်းတိုင်ကို နီးလာတယ်။ ပြေးသူတွေ ပိုအားထည့်ပြေးကြ တယ်။ အားပေးသူတွေ အသံမြင့်တက်လာတယ်။ သူ နိုင်မှာလား။

ဘယ်သူနိုင်မှာလဲ။ သီလိုဇောက မြင့်တက်လာတယ် ထိုင်အားပေး ရုံနဲ့ အားမရတော့ဘူး။ မတ်တတ်ရပ်သူ ရပ်၊ ထခုန်သူ ခုန်။ အသံကုန် အော်ဟစ်။

ပန်းအဝင်မှာ တားထားတဲ့ ကြိုးနဲ့ပိုနီးလာပြီ။ သူလား ဘယ်သူလဲ။ အားထည့် ပြေး အသားကုန် ပြေး။ ရှိသမျှ အားကုန်ထုတ်ပြေး မျက်ရည် စနဲ့ နိုင်ငံတော်သီချင်း ဆုပေးတဲ့စင်မြင့်က လူမြင်ကွင်းအလယ်မှာ ထည် ထည်ဝါဝါ ရှိလှတယ်။ မီးမောင်းတွေကစင်မြင့်ကို ကွင်းကွင်းကွက်ကွက် ထိုးပြထားတယ်။ ပထမ၊ ဒုတိယ၊ တတိယ (သို့မဟုတ်) ရွှေတံဆိပ်၊ ငွေ

mgyoe.com

mgyoe.com


တံဆိပ်၊ ကြေးတံဆိပ်ရမယ့် သူတွေကို ပရိသတ်တွေက ငံ့လင့်နေတယ်။

မကြာပါဘူး။ ဘရာဗိုး လှပျိုဖြူ ဦးဆောင်တဲ့ ဆုရအားကစားသမား သုံးဦးဟာ စင်မြင့်ဆီ လျှောက်လာတယ်။ ပရိတ်သတ်တွေရဲ့ လက်ခုပ်သံ ကညံစီတက်လာတယ်။ ဆုရအားကစားသမားတွေရဲ့ နိုင်ငံအမည်ကို အော်ဟစ်ကာ အားပေးကြတယ်။ ဆုမရပေမယ့် အားကစား ချစ်ပရိတ် သတ်တွေကလည်း ဆုရသူတွေကို အားပေးကြတယ်။ မာကာယာနာကွင်း တစ်ကွင်းလုံး အားတက်ဖွယ်ရာမြင်ကွင်း၊ အားရှိစရာအားပေးသံတွေနဲ့ ပြည့်လျှံထွက်နေတယ်။

ဆုရအားကစားသမားတွေဟာ မိမိရတဲ့အဆင့်အလိုက် သတ်မှတ်တဲ့ စင်မြင့်ရှေ့မှာ နေရာယူတယ်။ ဘယ်အစွန် တတိယရသူ။ ယာဘက်အစွန်က ဒုတိယရသူ၊ အလယ်တည့်တည့် အမြင့်ဆုံးနေရာက ပထမရသူတို့နေရာယူ ကြတယ်။

ဆုပေးမယ့် IOC အမှုဆောင်လူကြီး၊ တာဝန်ရှိပုဂ္ဂိုလ်တွေက ဘေးမှာ အသင့်ရပ်နေကြတယ်။ တတိယရသူကို တာဝန်ရှိလူကြီးမင်းက ကြေး တံဆိပ်ပြားကို လည်မှာဆွဲပေးတယ်။ နောက်တာဝန်ကြီး လူကြီးတစ်ယောက် က အမှတ်တရ ပန်းစည်းလေး ပေးတယ်။ တတိယပုဂ္ဂိုလ်က လက်မြှောက် ဂုဏ်ယူလိုက်ချိန်၊ သူ့နိုင်ငံမှပရိတ်သတ်တွေ အားကစား ချစ်ပရိတ်သတ် တွေက တစ်ခဲနက် အုတ်အော်သောင်းတင်းနည်း အားပေးကြတယ်။

ဒီလိုပဲ ဒုတိယရသူကို ငွေတံဆိပ်နဲ့ပန်းစည်း၊ ပထမရသူကို ရွှေ တံဆိပ်နဲ့ ပန်းစည်းချီးမြှင့်ကြတယ်။ ပထမရသူကို ရွှေတံဆိပ်ချီးမြှင့်ပြီး တဲ့ အခါမှာ ဆုချီးမြှင့်တဲ့စင်မြင့်ရဲ့ ညာဘက်ကိုမျက်နှာမူကြတယ်။ အဲဒီမှာ အလံတိုင်သုံးခုနဲ့ အလံသုံးခုချိတ်ဆွဲထားတယ်။ ပထမ၊ ဒုတိယ၊ တတိယ အားကစားသမားတွေရဲ့ကိုယ်စားပြု အလံတွေဖြစ်တယ်။

အစီအစဉ် ကြေညာသူက အောင်မြင်ခန့်ညားတဲ့အသံနဲ့ ကြေညာ လိုက်တယ်။ "ယခု အောင်ပွဲမှာ ပထမရရှိသွားနဲ့ ရစ်ချတ်ရဲ့နိုင်ငံတော်သီချင်း ကို သီဆိုမှာ ဖြစ်ပါတယ်။ ကျေးဇူးပြု၍ အားလုံး မတ်တတ်ရပ်ပေးကြပါရှင်" ပထမရရှိသွားတဲ့ နိုင်ငံရဲ့အလံဟာ ကျန်အလံနှစ်ခုရဲ့အလယ်မှာ ထားရှိ တယ်။ ထိုနိုင်ငံရဲ့ နိုင်ငံတော်သီချင်းဟာခန်းမရဲ့အထဲမှာ ပျံ့လွင့်လာတယ်။

mgyoe.com

mgyoe.com


လူတိုင်းက ထိုနိုင်ငံရဲ့သီချင်းနဲ့အလံတော်ကို မတ်တပ်ရပ်အလေးပြုကြတယ်။ အားကစားထူးချွန်ခြင်း၊ အောင်မြင်ခြင်းဟာ နိုင်ငံတော်ကိုပါ အထွတ်အထိပ် ဆွဲတင်ပေးနိုင်တာကိုပြသလိုက်တာပဲ။

ပထမရွှေတံဆိပ်ဆုရှင်ဟာ ရွှေပြားကိုလက်မှာ ကိုင်နှုတ်ခမ်းနဲ့ တေ့အနမ်းတွေပေးရင်း နိုင်ငံတော်အလံကို ကြည့်ကာ၊ နိုင်ငံတော် သီချင်းကို နားဆင်ကာ၊ စိတ်ထဲမှ လိုက်ဆိုရင်း ရင်ထဲက လှိုက်တက်လာတယ်။ နှုတ်ခမ်းဖျားတွေ တုန်လာတယ်။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထလာတယ်။ မျက်လုံးမှာ ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မျက်ရည်တွေ ပြည့်လျှံလာတယ်။ ပါးနှစ်ဖက်ပေါ် စီးကျလာတယ်။ ဘယ်လိုမှ ထိန်းထားလို့ မရဘူး။ ငိုတာမဟုတ်ဘူး။ ဝမ်းနည်းတာ မဟုတ်ဘူး။ ခံစားတာ။ ငါ့နိုင်ငံတော်အတွက် ခံစားတာ။ ငါ့နိုင်ငံတော်ကိုချစ်တာ။ ငါ့နိုင်ငံအတွက် ငါ့ချွေး၊ ငါ့ခွဲ၊ ငါ့လုံလဝီရိယနဲ့ ပေးဆပ်ခွင့်ရတာကို သက်သေပြခွင့်ရလို့ ဂုဏ်ယူတာ။ ငါ့နိုင်ငံတော်ကို ငါ ချစ်တယ်ဆိုတာ ပြောမပြပေမယ့် သိကြမယ်ဆိုရင် ငါကျေနပ်နေတာ။ ငါ့နိုင်ငံတော်သီချင်း ငါ့နိုင်ငံတော်အလံကို လူတွေက အသိအမှတ်ပြုကုန်ကြပြီ။ အလေးအမြတ်ထားကြပြီ။ ငါ့နိုင်ငံတော် သီချင်းသံ ကမ္ဘာအနှံ့ပျံ့သွားပြီ။ ငါ့အလံတော်ကို ကမ္ဘာ့လူသားတွေ အသိအမှတ်ပြုကြပြီ။ ငါဟာငါ့ နိုင်ငံတော်ကို အကောင်းဆုံး ပေးဆပ်နိုင်ခဲ့ပြီ။

ရီယိုအိုလံပစ်ပွဲတော်မှာ နိုင်ငံအသီးသီးမှ အားကစားသမားများဟာ ရေကုန်ရေခန်း အစွမ်းကုန် အပြိုင်ကြဲရင်း အနိုင်နွှဲနေခဲ့ကြတယ်။ နိုင်ငံပေါင်း (၂၀၆) နိုင်ငံ၊ အားကစားသမားပေါင်း (၁၁၀၀၀) ကျော်ဟာ နိုင်ငံကြီး၊ နိုင်ငံငယ်မခွဲခြားအားကစားအရာမှာ တန်းတူရည်တူထားကာ ယှဉ်ပြိုင်ခဲ့တယ်။ ကိုဆိုဗို၊ တောင်ဆူဒန်မှ ဒုက္ခသည်များရော ယခင်က အစာ ရေစာ ပြတ်လပ်တဲ့ အီသီယိုးပီးယားလိုနိုင်ငံ၊ ဟောတီလိုကျွန်းနိုင်ငံမှစကာ အမေရိကား၊ တရုတ်၊ ဂျပန်တို့အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။

မြန်မာ-မြန်မာ ဒုန်း ဒုန်း

မြန်မာတွေရော တဒုန်းဒုန်းနဲ့ မအော်တော့ဘူးလား။ ဝင်ရောက် မယှဉ်ပြိုင်တော့ဘူးလား။ ပြိုင်တော့ပြိုင်ခဲ့ပါတယ်။ တစ်ခါက မြန်မာ့အားကစားကမ္ဘာကို လွှမ်းရမယ်ဆိုတဲ့ကြွေးကြော်သံကတော့ ခေတ်ကာလအခြေအနေ

mgyoe.com

mgyoe.com


ကြောင့် ကျယ်ကျယ်လောင်လောင် အသံမထွက်တော့ဘူး။ ဒါပေမဲ့ ပြည်တွင်းပြိုင်ပွဲတွေမှာတော့ မလျှော့သေးဘူး။ ဘောလုံးပွဲမှာ မြန်မာ မရှုံးလိုက်နဲ့။ ခုံတွေချိုးဖို့၊ ရေပုလင်းနဲ့ပေါက်ဖို့၊ အော်ဟစ်ဆဲဆိုဖို့အသင့်ပဲ။ အဲဒါမှ မျိုးချစ်စိတ်ဓာတ်ရှိတာလို့ ထင်သူက ထင်တုန်း။ ရှိစေတော့။

ကမ္ဘာ့အလယ်ပြိုင်ပွဲ၊ အာရှတိုက်ပြိုင်ပွဲ၊ မြန်မာနိုင်ငံတော် သီချင်းသံပျောက်နေပြီ။ မြန်မာ့အလံတော်တိုင်ထိပ်အထိ မလွှင့်ရတာ ကြာနေပြီ။ "တရားမျှတလွတ်လပ်ခြင်းနဲ့မသွေတို့ပြည်၊ တို့မြေ....." ဆိုတဲ့ စာသားတွေ မဆိုရတာ ကြာနေပြီ။ တရားမျှတမှုတွေ ပျောက်လို့များလား။

လွတ်လပ်ခြင်းတွေဆုံးရှုံးနေလို့များလား။ နိုင်ငံတော်သီချင်း မဆိုရတဲ့ အပေါ် အတွေးပွားမိတယ်။ နိုင်ငံတော်သီချင်းကို အသံကုန်ဟစ်ဆိုချင်လိုက်တာ။ တိုင်ထိပ်ရောက်ကာ တလူလူလွှင့်နေတဲ့ နိုင်ငံတော်အလံကို ကမ္ဘာလူပုံအလယ်မှာ ရင်ကော့ပြီးအလေးပြုချင်လိုက်တာ။

ရီယိုအိုလံပစ်ပွဲတော်ကြီးရဲ့ ဖွင့်ပွဲပိတ်ပွဲတွေမှာမြန်မာတွေ မျက်နှာငယ်ရသလို ခံစားရတယ်။ ပါဝင်ချီတက်သူက နည်းနည်း။ ပြီး ဣန္ဒြေတွေ တစ်ခွဲသားနဲ့။ မာန်တင်းထားရတဲ့မျက်နှာ။ လွတ်လပ်ပေါ့ပါးမှု၊ ကင်းမဲ့နေတဲ့ အမူအရာ။ လက်ထဲက ကိုင်ထားတဲ့နိုင်ငံတော်အလံကို ဝှေ့ယမ်းတာကအစ အားမရှိသလို။ အားမလို အားမရ ကြည့်နေတဲ့မြန်မာတစ်ယောက်ရဲ့ ခံစားချက်ကို ရင်ဖွင့်ပြတာပါ။

ဘာပဲဖြစ်ဖြစ်။ တစ်နေ့နေ့တော့ ဖြစ်လာရမှာပါ။

အဲဒီနေ့ တစ်နေ့

ကိုရီးယားဇာတ်လမ်းတွဲထဲကလိုပဲ။

နောင်နှစ် နှစ်ဆယ်ကြာသော်

-------- ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပွဲကျင်းပနေချိန်။ မြန်မာအားကစားအဖွဲ့က အားကစားသမား ၃၀၀ ကျော်ထိ ဝင်ရောက် ယှဉ်ပြိုင်တယ်။ ဘောလုံး၊ ပြေးခုန်ပစ်၊ ရေကူး၊ လက်ဝှေ့၊ သေနတ်ပစ်၊ အလေးမစတဲ့ အားကစားနည်းတွေ ဝင်ရောက်ယှဉ်ပြိုင်တယ်။ အားကစားသမားတွေ၊ နည်းပြ၊ အုပ်ချုပ်မှု၊ ဆေးအဖွဲ့ စုံစုံလင်လင် သိုက်သိုက်ဝန်းဝန်း ဝင်ရောက်ယှဉ်ပြိုင်တယ်။ ရင်ထဲက ထင်ဟပ်လာတဲ့ အောင်မြင်မှုကို အရယူမယ့်

mgyoe.com

mgyoe.com


မျက်နှာတွေနဲ့ အားကစားပြိုင်ကွင်းထဲကို မာန်အပြည့်နဲ့ ဝင်ရောက်ချီတက်လာတယ်။ မြန်မာတွေ လာပြီ။ ဆုတွေ ယူတော့မယ်။

အဲဒီအချိန်မှာ မြန်မာရဲ့ပြေးခုန်ပစ်အဖွဲ့ဟာ အာရှစံချိန်သစ်တွေ ချိုးနိုင်လို့ နာမည်ကြီးနေချိန်။ ကမ္ဘာ့မီဒီယာတွေရဲ့ အလေးပေးဖော်ပြခံနေရချိန်၊ ဒီလို ကမ္ဘာက ထင်ကြေးပေးနေသလို မြန်မာပြေးခုန်ပစ်အဖွဲ့ဟာ ရွှေ (၃) ခု၊ ငွေ (၄) ခု ဆွတ်ခူးထားတယ်။

ဒီနေ့ မာရသွန်ပြိုင်ပွဲကျင်းပမယ့်နေ့။ နာမည်ကြီး မြန်မာ့အားကစားသမားများဖြစ်တဲ့ မီးတုန်နော်နဲ့ ရှင်ဖွေးဂန်းတို့နှစ်ယောက်ဝင်ရောက် ယှဉ်ပြိုင်မှာ ဖြစ်တယ်။

တာထွက်ဖို့ သေနတ်ဖောက်လိုက်ပြီ။ တာစထွက်ပြီး မီးတုန်နော်နဲ့ ရှင်ဖွေးဂန်း၊ ကင်ညာသား၊ အီသီယိုးပီးယားသား၊ ဂျာမန်နိုင်ငံသား၊ ဂျပန်နိုင်ငံသားတို့က ရှေ့ဦးဆောင်ပြေးနေတယ်။ ခရီးရဲ့ လေးပုံသုံးပုံအရောက်မှာ မြန်မာနှစ်ယောက်၊ ကင်ညာ၊ ဂျာမန်၊ ဂျပန်တို့က ဆက်လက်ဦးဆောင်နေဆဲပဲ။ ဒီလိုနဲ့ ပန်းတိုင်ရောက်ဖို့မီတာ (၄၀၀) လောက်ပဲ လိုတော့တယ်။ လမ်းတစ်လျှောက်ပြေးလာတဲ့ဒဏ်ကြောင့် မောပန်းကြပြီ။ ခြေကုန်လာကြပြီ။ ဒါပေမဲ့ လျှော့လို့ မဖြစ်ဘူး။ ကင်ညာနိုင်ငံသားက တစ်ချီ တစ်ချီ ရှေ့ကျော်တက်ဖို့ ကြိုးစားနေတယ်။ ဂျာမာန်သားကလည်း ကြိုးစားနေဆဲပဲ။

ပန်းဝင်ဖို့မီတာ တစ်ရာပဲ လိုတော့တယ်။ ပန်းတိုင်ကိုမြင်နေရပြီ။ ပရိသတ်တွေရဲ့အားပေးသံက ဝက်ဝက်ကွဲပဲ။ မြန်မာ၊ မြန်မာ၊ မြန်မာကွင်းလုံးညံနေတယ်။

မီးတုန်နော် အားထည့်လိုက်တယ်။ ရှင်ဖွေးဂန်းလည်း အားကျမခံ။ ကင်ညာနဲ့ ဂျာမနီတို့ကလည်း အလျှော့မပေး။ ပန်းတိုင်နီးလေ အပြေးသမားလေးယောက်ရဲ့ပြေးအားက မြင်းတွေလို အသားကုန်ဖြစ်လာတယ်။ ဖနောင့်နဲ့တင်ပါးတစ်သားတည်းဆိုတဲ့အတိုင်းပဲ။ လုစ်ခနဲ၊ လုစ်ခနဲ ပြေးနေတာ။ ကြည့်နေသူပရိသတ်တွေ စိတ်ထဲ မရိုးမရွဖြစ်စေတယ်။

အပြေးသမားလေးယောက်ဟာ တစ်ယောက်နဲ့တစ်ယောက်သူမသာ၊ ကိုယ်မသာဖြစ်နေတယ်။ ဆယ်မီတာအရောက်မှာ မီးတုန်နော်က 'မြန်မာကွ' လို့ ပါးစပ်က အသားကုန်အော်ရင်းရှိသမျှ အားညှစ်ထုတ်ကာ ပန်းတိုင်ကို

mgyoe.com

mgyoe.com


ထိပ်ဆုံးက ဝင်ရောက်လိုက်ပါတယ်။ ရှင်းဖွေးဂန်းကလည်း ထက်ကြပ်မခွာ လိုက်ပါကာ ဒုတိယနေရာက ဝင်သွားပါတယ်။ ဂျာမန်က တတိယပန်းဝင်ပါတယ်။

မြန်မာတွေ ခုန်ပေါက်မြူးထူးတာကတော့ ရေးပြစရာ မလိုလောက်အောင်ပါပဲ။ ဒီလိုနဲ့ ဆုပေးပွဲ ကျင်းပတယ်။ ရွှေတံဆိပ်ဆုရှင် မြန်မာနိုင်ငံအတွက် မြန်မာအလံတော်နဲ့ နိုင်ငံတော်သီချင်းဟာ ကွင်းအတွင်းမှာ ဝေစည်နေပါတယ်။

"တရားမျှတ၊ လွတ်လပ်ခြင်းနဲ့မသွေ...တို့ပြည်၊ တို့မြေ အများ လူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှဝါဒ ဖြူစင်တဲ့ပြည် တို့ပြည်၊ တို့မြေ....." မီးတုန်နော်နဲ့ရှင်ဖွေးဂန်းတို့ ဆုတံဆိပ်ကိုယ်စီကိုလက်မှာကိုင်ရင်း နိုင်ငံသီချင်းကို လှိုက်လှိုက်လှဲလှဲ ဆိုနေပါတယ်။ ပါးပေါ်မှာ မျက်ရည်စတွေနဲ့၊ ရင်ထဲမှာ နိုင်ငံချစ်စိတ်တွေနဲ့။ နိုင်ငံတော်အတွက် တာဝန်ကျေပြီဆိုတဲ့ အသိစိတ်တွေနဲ့၊ နိုင်ငံတော်အလံကို အလေးပြုနေကြတယ်။

တကယ်တမ်းကျတော့၊ ဒါက နောက်နှစ်ဆယ်မှာ ဖြစ်လာမယ့် အတွေးပုံရိပ်ပဲ။ လက်ငင်းဘဝမှာတော့ ရီယိုအိုလံပစ်ပွဲတော် ပြီးသွားတာ။ မြန်မာနိုင်ငံတော်သီချင်းကို စိုးစိလေးမျှမကြားလိုက်ရဘူး။ နိုင်ငံတော်အလံကို တစ်ကြိမ်လေးမျှ မလွှင့်လိုက်ရဘူး။ မြန်မာ... မြန်မာ... ဒုန်း... ဒုန်း။ မလုပ်လိုက်ရဘူး။

ဘာပဲဖြစ်ဖြစ် တစ်နေနေ့ တစ်ချိန်ချိန်မှာ မြန်မာနိုင်ငံတော်အလံကို ကမ္ဘာလူပုံအလယ်မှာ တလူလူလွှင့်ခွင့် ရချင်တယ်။ နိုင်ငံတော်သီချင်းကို ကမ္ဘာ့စင်မြင့်ပေါ်မှာ မျက်ရည်စတွေနဲ့ ရင်ထဲကရော၊ နှုတ်ကပါ လှိုက်လှိုက်လှဲလှဲ ဆိုပါရစေ။ နိုင်ငံတော်ကြီးကို အရမ်းအရမ်း ချစ်ပြလိုက်ချင်ပါဘီ။

ကမ္ဘာလူပုံအလည် လူမြင်ကွင်းကျယ်ကြီးမှာ ဝင့်ထည်နေတဲ့ မြန်မာနိုင်ငံတော်အလံ၊ အဓိပ္ပာယ်အနှစ်သာရပြည့်ဝပြီး သံစဉ်လှပတဲ့ မြန်မာနိုင်ငံတော်သီချင်း ကမ္ဘာလူသားတွေနားကြောထဲစိမ့်ဝင်သွားအောင် သံပြိုင်ညီညီ ဆိုပြခွင့် ရလိုက်ချင်စမ်းပါဘီ။

❑

mgyoe.com

mgyoe.com

## ဒီမိုကရေစီနှင့် အာဏာရှင်

ပြောင်းလဲလာသော စနစ်များ

လူသမိုင်းမှာ လူတွေဟာတိုင်းပြည်ကို စီမံခန့်ခွဲအုပ်ချုပ်နိုင်ဖို့ နည်းလမ်းအသွယ်သွယ် စနစ်အမျိုးမျိုး ကြံဆကာ ကျင့်သုံးလာကြတယ်။ သီအိုရီအရ ကောင်းမယ်ထင်လို့ တွေးဆပြီး လက်တွေ့နယ်ပယ်မှာ ကျင့်သုံးကြည့်ကြတယ်။ ကောင်းတာလည်းတွေ့ခဲ့ကြတယ်။

ဆိုးတာလည်း တွေ့ခဲ့ကြတယ်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး အခြေအနေအရ ကောင်းလို့ဆက်ကျင့်သုံးကြတယ်။ အချို့က မကောင်းလို့စနစ်ပြောင်းသုံးကြတယ်။ ဒီလိုနဲ့ လူ့သမိုင်းဟာ တစ်စတစ်စ ပြောင်းလဲလာတာ ယနေ့တိုင်ပဲ။

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်လို့ ယေဘုယျ သတ်မှတ်ထားတဲ့ခေတ်တွေထဲမှာ လူဟာ ဉာဏ်အရှိဆုံးသတ္တဝါဖြစ်လို့ ခေတ်တွေပြောင်းလဲအောင် စွမ်းဆောင်နိုင်ခဲ့တယ်။ အင်အားကြီးတဲ့ သတ္တဝါ၊ ကျား၊ ဆင်တို့ကို အောင်နိုင်ခဲ့တယ်။ ချောင်း၊ မြစ်၊ ပင်လယ်တို့ကို ကျော်ဖြတ်သွားလာနိုင်ခဲ့တယ်။ တော၊ တောင်တွေကို ခုတ်ထွင်ပြုပြင်နိုင်ခဲ့တယ်။ လောကရဲ့သဘာဝတရားကို လူသားတို့ရဲ့ ဉာဏ်စွမ်းဆောင်ရည်တို့နဲ့ လိုသလို ဖန်တီးနိုင်ခဲ့ကြတယ်။ သဘာဝကို အောင်နိုင်ခဲ့တယ်။

ဒီလိုသဘာဝတရားကို အောင်နိုင်လာရာမှ လူသားအချင်းချင်း အောင်နိုင်လိုသူတွေ ပေါ်ထွက်လာတယ်။ ထိုပုဂ္ဂိုလ်တွေက အုပ်ချုပ်သူလူတန်းစား

mgyoe.com

mgyoe.com


ဖြစ်လာပြီး၊ သာမန်လူသားတွေက (အလိုအလျောက်) အုပ်ချုပ်ခံ လူတန်းစား ဖြစ်လာတယ်။ ဒီယဉ်ကျေးမှုဟာ ယခုထိ သက်ဆိုးရှည်နေတုန်းပဲ။

အုပ်ချုပ်သူ လူတန်းစားပေါ်လာပြီးနောက်မှာ အုပ်ချုပ်မှုပုံစံ (စနစ်)တွေ တီထွင်လာကြတယ်။ ယေဘုယျကတော့ အုပ်ချုပ်သူတွေ ရှုထောင့်က အလွယ်တကူ အုပ်ချုပ်လို့ရအောင်၊ အုပ်ချုပ်ခံလူတွေ ပြန်လှန် မတော့်ပြန်အောင်၊ အုပ်ချုပ်ရေး ယန္တရားခိုင်မာအောင် အဓိကထား တီထွင်လာကြတယ်။ ဘုရင်အုပ်ချုပ်ရေးစနစ်၊ သက်ဦးဆံပိုင်စနစ်၊ မြေပိုင်ရှင်စနစ်၊ ကျေးပိုင်ကျွန်ပိုင်စနစ်၊ စသည်ဖြင့် အုပ်ချုပ်ရေးယန္တရားပိုမိုခိုင်မြဲအောင် ကြံဆအုပ်ချုပ်လာကြတယ်။

အတွေးအခေါ်ပညာရှင်တွေ အားကောင်းလာတဲ့ခေတ်ကာလမျိုးမှာ စုပေါင်းခေါင်းဆောင်၊ စုပေါင်းအုပ်ချုပ်တဲ့ 'ဂဏ' စနစ်ဟာ အုပ်ချုပ်မှုအာဏာအားလုံးကို ဘုရင်တစ်ပါးတည်း လွှတ်မထားဘဲ မှုုးမတ်တွေ၊ ညီလာခံ တက်ရောက်သူတွေက စုပေါင်း ဆုံးဖြတ်ကြတာ ဖြစ်တယ်။ ဒီစနစ်ဟာ ဒီမိုကရေစီရဲ့အစ ဖြစ်ကောင်းဖြစ်နိုင်တယ်။

ဒါပေမဲ့ အာဏာကို ခွဲဝေသုံးရတဲ့အတွက် မကျေနပ်တဲ့လူတွေဟာ ထိုခေတ်က ဘာသာရေး သာသနာပိုင်တွေနဲ့ပေါင်းပြီး 'ဂဏ' စနစ်ကို ဖျက်သိမ်းလိုက်ကြတယ်။ အာဏာကို ဘုရင်တစ်ပါးတည်း လက်ထဲကို ဘုရင့်အလိုကျ ရောက်သွားစေတယ်။

ဘုရင်အုပ်ချုပ်မှုကို ပုံစံတူအတုယူတဲ့မြေရှင်တွေ၊ ကျွန်ပိုင်ရှင်တွေက သူ့ပိုင်ကျွန်တွေကို ကြိုက်သလို ချုပ်ချယ်အုပ်ချုပ်ကြတယ်။ ကျွန်တစ်ယောက်ကို ပိုင်ဆိုင်တာဟာ ပစ္စည်းတစ်ခုကို ပိုင်ဆိုင်သလို သဘောထားကြတယ်။ ကျွန်တစ်ယောက်ကို ခိုင်းချင်သလို ခိုင်းရုံသာမက၊ ရောင်းစားနိုင်တယ်။ သတ်ပစ်နိုင်တယ်။ ကျွန်ပိုင်ရှင်သခင်ရဲ့ လွတ်ငြိမ်းခွင့်မပေးသမျှ ကျွန်ဘဝက မလွတ်မြောက်တော့ဘူး။

ကျွန်ပိုင်ရှင်စနစ်ကနေ လောဘတက်လာတဲ့ ပုဂ္ဂိုလ်အချို့က တစ်နိုင်ငံလုံးကို ကျွန်ပြုဖို့ စီစဉ်လာကြတယ်။ စပိန်၊ ဒတ်ချ်၊ အင်္ဂလိပ်တို့က စီးပွားရေးအရ နိုင်ငံအချို့ကို ကိုလိုနီပြုကာ ကျွန်နိုင်ငံပြုလုပ်လာကြတယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်ကိုလိုနီဘဝနဲ့ နှစ်ပေါင်းရာချီနေခဲ့ရတယ်။ ဒါ့အပြင်

mgyoe.com

mgyoe.com


အချို့စစ်ရေးအားပြု၊ လက်နက်အားကိုးသူတွေကအာဏာနဲ့ အကြမ်းဖက်အနိုင်ကျင့်သိမ်းပိုက်ကျွန်ပြုလာကြတယ်။ အာဏာကို အသုံးချ သိမ်းပိုက်ရတာက လူတွေ (ပြည်သူတွေ) ကို အုပ်ချုပ်ရတာ ပိုမိုလွယ်ကူတယ်ဆိုတာ သဘောပေါက်လာတယ်။ ဒါနဲ့အာဏာရှင်စနစ်ကို လူကြားကောင်းတဲ့ စနစ်မျိုးတီထွင်ပြီး စစ်အာဏာရှင်စနစ်ကို သွယ်ဝိုက်အသုံးပြုလာတယ်။ အချို့က ဖြောင့်အသုံးချလာတယ်။

အာဏာရှင်

တစ်ပါတီစနစ်တို့၊ ဗဟိုဦးစီးစနစ်တို့၊ တစ်သွေးတစ်သံ တစ်မိန့်စနစ်တို့ ဆိုတဲ့ ဗဟိုချုပ်ကိုင်တဲ့ (Centralization) စနစ်ကို အာဏာရှင်အစားသုံးစွဲလာကြတယ်။ အာဏာရှင်စနစ်ဟာ 'ဂဏ' နိုင်ငံတွေလို ဘယ်သူ့ကိုမှ ဆွေးနွေးတိုင်ပင်စရာမလိုဘူး။ ပါလီမန်တွေလို ဘယ်အမတ်တွေနဲ့မှ ညှိနှိုင်းနေစရာ မလိုဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစရာ မလိုဘူး။ အာဏာရှင်ပီပီ အာဏာကို လက်ဝါးကြီးအုပ်ထားတဲ့ ပုဂ္ဂိုလ်တစ်ဦး၊ လူတစ်စုရဲ့ အလိုအတိုင်း အုပ်ချုပ်ချင်သလို အုပ်ချုပ်လို့ရတဲ့စနစ်ဖြစ်နေတယ်။ Defacto Government ဆိုကာ ထင်သလို အုပ်ချုပ်ကြတော့တာပဲ။

သက်ဦးဆံပိုင်စနစ်က တိုင်းသူပြည်သားတစ်ယောက်ယောက်ကို ဖမ်းဆီးချင်တဲ့ အချိန်ဖမ်းမယ်။ သတ်ချင်တဲ့ အချိန်သတ်မယ်။ လင်ရှိ မယားကို သဘောကျရင် သိမ်းပိုက်ကာ ဇနီးမယားပြုချင်ပြုမယ်။ ဘယ်သူမှ တားပိုင်ခွင့်၊ ကျိုးကြောင်းဆီလျော်တင်ပြခွင့် ဘာမှ မရှိဘူး။

အာဏာရှင်စနစ်ကတော့ အာဏာရှင်အလိုကျ ရေးဆွဲထားတဲ့ ဥပဒေနဲ့ အုပ်ချုပ်တယ်။ အာဏာရှင်က မလိုလားသူကို ဥပဒေက မည်သို့ပင်ဆိုစေကာမူ ထောင်ဒဏ်နှစ်ရှည်၊ နှစ်နှစ်ဆယ်၊ နှစ်သုံးဆယ်ချမှတ်ထောင်ချနိုင်တယ်။ အာဏာရှင်က လိုလားသူကို ဥပဒေက မည်သို့ပင်ဆိုစေကာမူ ကွင်းလုံးကျွတ်လွှတ်ပေးတယ်။ ဥပဒေနဲ့တရားစီရင်ရေးဟာ (မျှတတဲ့) တရားသူကြီးလက်ထဲမှာ မရှိဘူး။ နောက်ကွယ်က (သို့မဟုတ်) အထက်က အာဏာရှင် ချပေးလိုက်တဲ့အတိုင်း တရားစီရင် ရတယ်။

တစ်နည်းပြောရရင်အာဏာရှင်စနစ်မှာ အစစအရာရာဟာ အာဏာ

mgyoe.com

mgyoe.com


ရှင်ရဲ့ အလိုကျချည်းပဲ လိုက်လုပ်ရကယ်။ စောဒကတက်လို့ မရဘူး။ အထွန့် တက်ရင် ရာထူးက ပြုတ်မယ်။ ဘဝပျက်မယ်။ ထောင်ချခံရမယ်။ အချို့ဆို ရာထူးရှိစဉ်က အာဏာရှင် အလိုကျလိုက်လုပ်ရင်း သူကိုယ်တိုင် အာဏာရှင် ဆန်ဆန် လုပ်ဆောင်လာတယ်။ အာဏာရှင်ကြီးက ထိုသူကိုလည်း အလို မရှိရော ထောင်ချခံရတော့တဲ့အပြင် ဆံပင်တောင် ဆိုင်သွားမညှပ်နိုင်လို့ ကိုယ့်ဆံပင် ကိုယ့်ဘာသာ ပြန်ညှပ်ရပါတယ်လို့ သနားစဖွယ်ဖွင့်ဟဝန်ခံ သွားကြတယ်။ သနားစရာ။

ထို့အတူ အာဏာရှင်တစ်ယောက်ခများလည်း သေတာတောင် ဈာပန ကို လိုက်ပို့သူ မရှိတဲ့ဘဝမျိုး ရောက်ခဲ့ရတယ်။ အာဏာရှင်တွေဟာ ကိုယ် ချင်းစာတတ်တဲ့ နှလုံးသား မရှိဘူး။ ငါ အာဏာရှိနေရင် ငါ လုပ်သမျှခံကြ။ မင်းအာဏာရှိနေရင် မင်း လုပ်သမျှခံပေါ့။ တရားမျှတမှု မရှိ၊ ကိုယ်ချင်း စာတရား မရှိ၊ ခံစားတတ်တဲ့ နှလုံးသား မရှိ၊ ရေရှည်တွေးခေါ်တတ်တဲ့ ဦးနှောက် မရှိ။ အဲဒီသွင်ပြင်လက္ခဏာတွေဟာ အာဏာရှင်ရဲ့သွင်ပြင် လက္ခဏာတွေပဲ။

ဒီလို ကိုယ့်မြင်းကိုယ်စိုင်းတဲ့အာဏာရှင်တွေကြောင့် ကမ္ဘာစစ်တွေဖြစ်။ ဖက်ဆစ်စနစ်တွေပေါ်ထွက်။ အာဏာဆိုတာ သေနတ်ပြောင်းဝက ထွက် တယ်လို့ ယူဆ။ လက်နက်ရှိရင် အာဏာရှိတယ်လို့ အထင်မှား အမြင်မှားတွေ ထွန်းကား။ လက်ငင်းလုပ်ပိုင်ခွင့် ရတာကို ဘဝမေ့။ အာဏာရှင်ဖြစ်မှန်း မသိ ဖြစ်ကုန်ကြတယ်။

လူသားတွေပြည်သူတွေဟာ အာဏာရှင်စနစ်ရဲ့ဆိုးကျိုးကို ကောင်း ကောင်းကြီး ခါးစည်းခံလိုက်ရပြီးတဲ့နောက် စနစ်သစ်တစ်ခုကို ပြောင်းလဲဖို့ ကြိုးပမ်းလာကြတယ်။ အဲဒီစနစ်သစ်ကတော့။

## ဒီမိုကရေစီ

ဒီမိုကရေစီဆိုတဲ့ စနစ်ကို ဂရိတွေက စတင် တွေ့ရှိလာကြတယ်။ ပြည်သူအုပ်ချုပ်မှုစနစ်၊ ပြည်သူတွေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ကိုယ်စား လှယ်များ အုပ်ချုပ်တဲ့စနစ်လို့ အမေရိကန်သမ္မတဟောင်း အီဘရာဟင်လင် ကွန်းက အဓိပ္ပာယ်ဖွင့်ဆိုခဲ့တယ်။

mgyoe.com

mgyoe.com


ဒီကနေ့ ယဉ်ကျေးမှုမြင့်မားတဲ့နိုင်ငံတွေမှာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြတယ်။ ဒါဟာ လူလူအချင်း တန်းဖိုးထားမှုကို ပြလာကြတာ။ လူတစ်ဦးချင်းစီကို လေးစားကြောင်း တိုင်းပြည်အတွက် လူတိုင်းပါဝင်ခွင့် ရှိကြောင်း ဖော်ပြလာတာ။

ဒီမိုကရေစီစနစ်ပေါ်ထွန်းလာဖို့ ရှည်လျားတဲ့သမိုင်းကြောင်းတွေ ဖြတ်ခဲ့ရတယ်။ အမှန်တရားမြတ်နိုးတဲ့ သမိုင်းသူရဲကောင်းတွေရဲ့ဘဝတွေ၊ အသက်တွေ စတေးခဲ့ရတယ်။ အခက်ခဲဆုံးက အာဏာရှင်စနစ်နဲ့ အာဏာရှင်တွေကို ဖယ်ရှားရတာပဲ။ အာဏာရှင်တွေမှာက အာဏာအပြင် လက်နက်က ရှိနေပြန်တာကို။ ဓားကိုင်ထားသူက ဓားအရှိန်ကြောင့် ဓားမာန်တက်တယ်။ တုတ်ကိုင်ထားသူက တုတ်အရှိန်ကြောင့် တုတ်မာန်တက်တယ်။ အခြားလက်နက်ကြီးတွေ ကိုင်ထားသူရဲ့တက်နေမယ့်မာန်ကိုတော့ ပြောဖွယ်ရာ မရှိတော့ဘူး။

ဒီလို အာဏာရှင်စနစ်ကို မလိုလားလို့ အမြစ်ပြတ်ချေမှုန်းပြီး ဒီမိုကရေစီစနစ်ကို ထူထောင်ရ၊ ဖြတ်သန်းလာခဲ့ရတဲ့ သူတိုင်းရဲ့ကြီးစွာသော ပေးဆပ်မှုကို လူတိုင်းသိကြမှာပါ။ အာဏာရှင်နဲ့ဒီမိုကရေစီဆိုတာ မိုးနဲ့မြေလို ကွာတယ်။ ဆီနဲ့ရေလို မတူဘူး။ အဖြူနဲ့အမည်းလို ထင်ထင်ရှားရှား ခြားနားတယ်။

ဆိုတော့ ဒီမိုကရေစီမှာ အာဏာရှင် မရှိဘူး။ ဒီမိုကရေစီကို အာဏာရှင်ဆန်ဆန် ကျင့်သုံးလို့ မရဘူး။ အာဏာရှင်ကို မလိုလားလို့ဘဝတွေ၊ အသက်တွေ စတေးပေးဆပ်ပြီးမှ ရလာတဲ့ဒီမိုကရေစီမှာ အာဏာရှင် အမည်းစက် တစ်စက်ကလေးမှ စွန်းထင်းလို့ မရဘူး။ မှန်တာလုပ်လုပ်၊ မှားတာလုပ်လုပ် အာဏာရှင်ဆန်ဆန်လုပ်လို့ လုံးဝ မရဘူး။ လုံးဝ မလုပ်သင့်ဘူး။

ဘုန်းကြီးဝတ်၊ သာသနာ့ဘောင်ထဲဝင်တော့မယ့် လူတစ်ယောက်ဟာ လူဝတ်စုံကို ချွတ်လဲရမယ်။ လူဝတ်စုံနဲ့ ဘုန်းကြီးရဟန်းဝတ်လို့ မရဘူး။ ထို့အတူလူဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် အာဏာရှင် စိတ်ဓာတ်တွေ၊ အပြုအမူတွေ၊ အပြောအဆိုတွေအကုန်လုံး ချွတ်ပစ်ရမယ်။ ဘယ်လိုပြောပြော၊ ဘယ်လိုနေနေ ဒီမိုကရေစီစံနှုန်းနဲ့အညီ ဒီမိုကရေစီဆန်ရမယ်။ ဒီမိုကရေစီ အသိုက်အဝန်းထဲမှာ အာဏာရှင်အရိပ်ယောင်ကို စိုးစဉ်းမျှ

mgyoe.com

mgyoe.com


မတွေ့ချင်၊ မလိုချင်ဘူး။ ဆွမ်းဆန်ထဲ ကြွက်ချေးရောလို့မရဘူး။ ကြွက်ချေး ရောရင် ဆွမ်းဆန်ပျက်စီးတာပဲ။

ဒီမိုကရေစီမှာ အာဏာရှင်ပုံစံရောလို့ မရဘူး။ နည်းနည်းဖြစ်ဖြစ် များများဖြစ်ဖြစ် အာဏာရှင်ပုံစံရောပါလာရင် ဒီမိုကရေစီပျက်တာပဲ။ ဒီမို ကရေစီပျက်ရင် အာဏာရှင်ရဲ့ကျော့ကွင်းထဲ ပြုတ်ကျသွားပြီသာမှတ်။ ဒါဆို မြန်မာပြည် ရေစုန်မျောရဦးမှာ။

ရောသမမွှေလို့ မရပါ

ဒါကြောင့် ဆွမ်းဆန်ထဲကြွက်ချေးမရောပါနဲ့။ ဒီမိုကရေစီထဲ အာဏာ ရှင် ပုံစံ မရောပါနဲ့။

ပြောပိုင်ခွင့်ရှိတိုင်းပြောတာ၊ လုပ်ပိုင်ခွင့်ရှိတိုင်း လုပ်တာဟာ အာဏာ ရှင်တွေရဲ့ မဆင်မခြင် အသိတရားမဲ့သူတွေရဲ့ လုပ်ရပ်ပါ။

ဒီမိုကရေစီဟာ အစွန်းတရားများကိုလည်း ရှောင်ရတယ်။ အမှန် တရားကို ပြောတဲ့၊ လုပ်တဲ့နေရာမှာလည်း တစ်ချက်လွှတ် အမိန့်အာဏာ နဲ့လုပ်လို့မရဘူး။ ပြည်သူတွေ ပူးပေါင်းပါဝင်လာအောင်၊ ပြည်သူတွေ အမှန် တရား သိလာအောင် ထင်သာမြင်သာ စည်းရုံးတင်ပြပြီး ပြည်သူလက်ခံမှ ဆောင်ရွက်ရတာဟာ ဒီမိုကရေစီပါ။ ဒီမိုကရေစီဟာ လွတ်လပ်သလောက် စည်းကမ်းတွေရှိတယ်။ လွတ်လပ်စွာ ပြောဆိုခွင့်ရှိသော်လည်း ပရမ်းပတာ ပြောချင်တိုင်းပြောလို့တော့ မရဘူး။

အထူးသဖြင့် ဒီမိုကရေစီကို ကျင့်သုံးမယ်။ ဒီမိုကရေစီစနစ်ကို ဖော် ဆောင်မယ်ဆိုတဲ့ပုဂ္ဂိုလ်ကြီးများ ဒီမိုကရေစီကျင့်စဉ်ကို သွေဖည်မသွားပါနဲ့။ အာဏာရှင်လမ်းကြောင်းတွေ ရောက်မသွားပါနဲ့။

ပြည်သူတွေက ဒီမိုကရေစီကိုပဲ လိုချင်တာပါ။ အာဏာရှင်ဆိုတဲ့ စကားလုံး၊ ဝေါဟာရတွေ နားခါးလှပါပြီ။ မကြားချင်ဘူး။ မမြင်ချင်ဘူး။ ဒီမိုကရေစီပီပီသသ ဖြူဖြူစင်စင် ကျင့်သုံးတဲ့တဲ့သူတွေကိုသာ ပြည်သူတွေက ထောက်ခံတာပါ။

ဒါကြောင့် ဘာကြောင်းပြချက်နဲ့မှ အာဏာရှင်စနစ် အာဏာရှင်ပုံစံကို လက်မခံနိုင်ပါ။ ပြည်သူတွေကို ဦးဆောင်လမ်းပြပေးမယ့် ပုဂ္ဂိုလ်များက

mgyoe.com